မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၁၄၀ မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့် အကွာရှိ ပေါင်းလောင်းမြစ်ပေါ်၌ အမှတ်(၁) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိ၍ ပင်မတမံ Stage-2(B)-2 အား RCC ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် RCC ကွန်ကရစ်သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး RCC ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၌ ပါဝင် ဆောင်ရွက်ကြသည့် ဆွစ်ဇာလန်နိုင်ငံ Colenco Co.,Ltd. မှ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co.,Ltd. မှ ဓာတ်အားပေးစက်ရုံစက်မှုလျှပ်စစ်တပ်ဆင်ရေးအဖွဲ့နှင့် စီမံကိန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေထုတ်ပေါက် *စာမျက်နှာ ၃ ကော်လံ ၁* ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

(၂၆)ကြိမ်မြောက် ဆီးဂိမ်းအတွက် အောင်ပွဲရရန် ကြက်တောင်အားကစားမောင်မယ်များ လေ့ကျင့်နေ။ (စာ-၁၀)

ရေဦး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ (စာ-၆)

အဆိုတော်မင်နီလ်လို့နှင့် သရုပ်ဆောင် နှစ်လာချေတို့ လက်ထပ်ပြီ။ (စာ-၁၂)

အဆိုတော် လေဒီဂါဂါထက် ရီဟာနာ့နားကို ပိုပြီးလူကြိုက်များလာ။ (စာ-၁၂)

မိုဘိုင်းတယ်လီဖုန်းများ ဈေးနှုန်းသက်သာစွာဖြင့် ပြောဆိုဆက်သွယ်နိုင်ရေး အစိုးရနှင့်ပုဂ္ဂလိက အတူလက်တွဲ၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း GSM မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လည်းကောင်း လျင်မြန်လုံခြုံစွာ ပြောဆိုဆက်သွယ်နိုင်သည့် ဆက်သွယ်ရေးစနစ်သည် အဓိကအထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် GSM မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ ဤစီမံကိန်းသည် တစ်နိုင်ငံလုံးရှိပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် တစ်ဦးနှင့်တစ်ဦး အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့်ပုဂ္ဂလိကအတူလက်တွဲ၍ ဤမိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုစီမံကိန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၁၈ ရက်)

မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျခံယူ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကိုတည်ဆောက်ရာတွင် သဘာဝအရင်းအမြစ်များသာမက လူ့စွမ်းအားအရင်းအမြစ်များပါ ဖွံ့ဖြိုးရန် လိုအပ်သည်။ မျိုးဆက်ပွားကျန်းမာရေးသည် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလျက်ရှိသည်။

၁၉၉၄ ခုနှစ်က ကိုင်ရိုမြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံတွင် မိမိနိုင်ငံသားများ၏ မျိုးဆက်ပွားကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် ၂၀၁၅ ခုနှစ်တွင် အန္တရာယ်ကင်းပြီး စိတ်ချရသည့် မျိုးဆက်ပွားကျန်းမာရေးနည်းမျိုးစုံကို လူတိုင်းလက်လှမ်းမီစေရန် နိုင်ငံအားလုံးကို နှိုးဆော်ခဲ့သည်။

ထောင်စုနှစ်ရည်မှန်းချက်များတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များဖြစ်သည့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို လျှော့ချရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန်၊ HIV/AIDS၊ ငှက်ဖျားနှင့် အခြားရောဂါများ တိုက်ဖျက်ရန်တို့ကို နိုင်ငံများ၊ အဖွဲ့အစည်းများက လက်တွဲအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မွေးကင်းစသေဆုံးမှု လျှော့ချရေး၊ ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျှော့ချရေး၊ HIV/AIDSစသည့် ရောဂါများတိုက်ဖျက်ရေးနှင့် ဘက်စုံမျိုးဆက်ပွား ကျန်းမာရေးနည်းများနှင့် မိခင်နှင့်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးကိုဦးတည်ပြီး ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှုခံယူကြရန်၊ အန္တရာယ်ရှိသည့် ကိုယ်ဝန်ဆောင်များ အချိန်မီလွှဲပြောင်းပေးရန်နှင့် ကျွမ်းကျင်သူများက မွေးဖွားနိုင်စေရန် တာဝန်ရှိသူများက ကျေးလက်ဒေသအထိ ကွင်းဆင်းဖြန့်ကြက်ပညာပေး ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနသည် မွေးကင်းစမေးခိုင်ရောဂါပပျောက်ရေးနှင့် ဝက်သက်ရောဂါပပျောက်ရေး၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သော ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူအားလုံးဆင်းရဲချမ်းသာမရွေး၊ ကျေးလက်ဒေသနှင့် မြို့ပြမကျန် ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပေရာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသည့် သားကောင်းရတနာလေးများ ဖြစ်ထွန်းရေးအတွက် မိခင်တိုင်းသည် ကျန်းမာရေးအသိပညာများ ပြည့်စုံရန်လိုအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျခံယူကြရန်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရည်ချွန်ဆုပေးပွဲ ကျုံပျော်၌ကျင်းပ

ကျုံပျော် ဇူလိုင် ၁၇

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သော ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ရောမင်းခန်းမ၌ ကျင်းပရာ (ယာပုံ) အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆုများပေးအပ်

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးက အမှာစကားပြောကြား၍ အောင်ချက်အကောင်းဆုံးဆုရရှိခဲ့သည့် ကျောင်းများအား ဆုများချီးမြှင့်ပြီးနောက် ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား အလှူရှင် ဦးခင်မောင်ဝင်းနှင့် ဦးစောကပေါတို့က ရွှေတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူက ထူးချွန်သူများအား ဆုများကိုပေးအပ်ချီးမြှင့်ကာ အလှူရှင်များက ပညာရေးအလှူငွေကျပ် ၇၂၂၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

စပါးစံကွက်ရိတ်သိမ်းပွဲ ကျွန်းလှ၌ကျင်းပ

ကျွန်းလှ ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၅ ရက် နံနက်က မကျီးအင်းအုပ်စု ငါးဘတ်အိုင်ကျေးရွာ ရေပုတ်ကန်ကွင်းအမှတ် ၂၇၆၊ ဦးပိုင် (၆၄) တောင်သူ ဦးကျော်၏ နွေစပါးသီးထပ်ရင် စိုက်ဧက ၃ ဒသမ ၃၉ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်စိန်နှင့် ဌာနဆိုင်ရာများ၊ စိုက်ကြပ်တာဝန်ခံများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အဘိတ်ဆေးခတ်

ဖျာပုံမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၀၇၁)

ပြန်လည်တူးဖော်

ဒေးဒရဲမြို့နယ်အတွင်း ရေပိုက်လိုင်းအဟောင်းများအား ပြန်လည်တူးဖော်၍ သန့်ရှင်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဇူလိုင် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း၊ လက်ထောက် အင်ဂျင်နီယာ ဦးမျိုးမင်းညွန့်နှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မှုခင်းကျဆင်းရေး သီပေါ၌ ပညာပေးဟောပြော

သီပေါ ဇူလိုင် ၁၇

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှကြီးမှူး၍ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ရက် မွန်းလွဲ ၂ နာရီက သီပေါမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးမင်းကြည်က အမှာစကားပြောကြားပြီး သီပေါမြို့မ ရဲစခန်းမှူး ရဲအုပ်မျိုးသန့်က မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီး အေးချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ်စီးနင်းရာတွင် ဆောင်ရန် ရှောင်ရန် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မော်တော်ယာဉ်မောင်းနှင်သူများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်စာစောင်များကို ဖြန့်ဝေပေးသည်။အလားတူ ဟောပြောပွဲများကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတွင်လည်း ကျင်းပခဲ့ကြောင်း သိရှိရသည်။ (၀၇၂)

တာချီလိတ်မြို့ ၌ လမ်းဖြတ်တံတားတည်ဆောက်

တာချီလိတ် ဇူလိုင် ၁၇

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဖြစ်သော ဗိုလ်ချုပ်လမ်း လမ်းဖြတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ - ၂ ဒေါ်မာလာဦးနှင့် အဖွဲ့ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့ ဇွန် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၀၆၀)

ပြည်ထဲရေးဝန်ကြီးဌာန

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ရုံးဝင်းအတွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ရဲချုပ် ကျော်ကျော်ထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ယခင်စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စိုက်ပျိုး

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ရုံးများဖြစ်သော ရုံးအမှတ်(၁၀)၊ ရုံးအမှတ်(၈)နှင့် ရုံးအမှတ်(၄၉) ပရဝဏ်တို့၌ ကျွန်းပင် ၉၆၀ ၊ စိန်တစ်လုံးသရက်ပင် ၃၀၀၊ ပိန္နဲပင် ၄၀၊ ပျဉ်းကတိုး ၂၀၀၊ မဟော်ဂနီ ၁၀၀ နှင့် မဲဇလီ ၁၀၀၊ တညင်းပင်၂၀ နှင့် ခရေ ၁၂ ပင် တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

● *ရွှေဖုံးမှ*

အစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် မိုဘိုင်း အင်ဂျင်နီယာချုပ်တို့က GSM မိုဘိုင်း တယ်လီဖုန်းများတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ် လိုင်း(၄)သန်း တိုးချဲ့ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာချုပ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အရည်အသွေးပြည့်မီသည့် မိုဘိုင်းဆက်သွယ်မှုစနစ်ကို ပြည်သူများ ရရှိသုံးစွဲနိုင်ရေးအတွက် အဘက်ဘက်က စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ သန့်စွာကိုင်လေ စက္ကူငွေ
၄း၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၉။ လျှပ်တစ်ပြက်
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်**(အပိုင်း -၁၉)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း -၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေးသုံးပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk of the Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၁၆) (ဇာတ်သိမ်း)
၂၆။ **Mini Series**
၂၇။ သင့်အတွက်မနက်ဖြန်

ပြည်နယ်အားကစားပြိုင်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ

ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၇

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇူလိုင် ၅ ရက်က ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၁ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ပထမဆုရ မြဝတီအသင်းအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၀ ရက်က ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)၊ အမှတ်(၃)နှင့်အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဝင်းအတွင်း ပန်းအလှပင်၊ အရိပ်ရပင်၊ လေကာပင်များနှင့် ရတနာတန်းဝင်အပင်များစိုက်ပျိုးနေမှု၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ထူးထူး ဆောက်လုပ်ရေးကုမ္ပဏီက နှစ်ထပ် သံကူကွန်ကရစ် ကျောင်းဆောင် ဆောက်လုပ်နေမှု၊ ဘားအံမြို့တွင်း မိုးတွင်းကာလ လမ်းပေါက်များဖြစ်ပေါ်မှုကို ထပ်ပိုးလွှာခင်းခြင်း၊ လမ်းပေါက် ဖာထေးခြင်းများ ဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဘားအံအဝေးပြေး ယာဉ်ရပ်နားစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘားအံ-ထုံးအိုင်လမ်းပိုင်း၌ ရေစီးရေလာကောင်းမွန်စေရေး ချုံခုတ်ခြင်း၊ ရေစီးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သံလွင်တံတား (ဘားအံ)ပင်မတံတားနှင့် ချဉ်းကပ်လမ်း ဆက်သွယ်ထားရှိမှုနှင့် တံတားအောက်ခြေရှိ သံလွင်မြစ်ကမ်းထိန်းနံရံကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရွှေဖုံးမှ*

လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုနှင့် RCC ကွန်ကရစ်သွန်းလောင်းနိုင်ရန်အတွက် ကျောက်ကြီးများ စုဆောင်းထားရှိမှု၊ ကျောက်ခွဲစက်များဖြင့် RCC ဖော်စပ်ရာ၌ သုံးစွဲသည့် ကျောက်အမျိုးအစားလေးမျိုး ကြိတ်ခွဲထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိကာ Unit(1) နှင့် Unit(2) တို့ကို စက်မှုလျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပင်မတမံကို Conveyor ဖြင့် RCC ကွန်ကရစ်များ သယ်ယူပို့ဆောင်နေမှုနှင့် သွန်းလောင်းနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူးဦးသောင်းဟန်၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်၊ ပင်မတမံကို Stage အလိုက် RCC သွန်းလောင်းမှု၊ ခွဲကျောက် လိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ ဓာတ်အားပေးစက်ရုံအတွက် မြစ်ရေကြီးခဲ့ပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တင်ပြချက်များနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေး၏ ဖြည့်စွက်ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများတွင် နေ့စဉ် အစဉ်တစိုက် အရည်အသွေးစစ်ဆေးထိန်းသိမ်းခြင်း လုပ်ငန်းများ စနစ်တကျ ဂရုပြုကြပ်မတ် ဆောင်ရွက်ကြရေး၊ ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထုတ်လုပ်ပေး

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၇၀ ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ မှ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ၛင်းစက်ရုပ် အာကာသယာဉ်သည် အခြားဂြိုဟ်တစ်ခုဖြစ်သည့် dwarf Planet သို့ ပြောင်းရွှေ့မလေ့လာမီ ကြီးမားသော ကျောက်တုံးသဏ္ဌာန်ရှိ ဗီစတာဂြိုဟ်ကို တစ်နှစ်ကြာ လေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်း ဂြိုဟ်သိမ်သည် ဘောလုံးနှင့် သဏ္ဌာန်တူပြီး တစ်ချိန်က ၎င်းဂြိုဟ်၏ တောင်ဝင်ရိုးစွန်းဒေသကို အစိုင်အခဲတစ်ခုက ဝင်တိုက်ခဲ့သည့် အနေအထားများ တွေ့ရကြောင်း နာဆာကပြောကြားသည်။ ၎င်းဂြိုဟ်ကို နာဆာကလေ့လာနေသည့် အဓိကအကြောင်းအရင်း တစ်ရပ်မှာ အာကာသခရီးသွားများ သွားရောက်လေ့လာနိုင်မည့် လမ်းစသစ်ကို ရှာဖွေရန် ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် နာဆာက ယင်းဂြိုဟ်သို့ အာကာသယာဉ်မှူးများ သွားရောက်လေ့လာရန် စီစဉ်ထားသည်။ ဗီစတာကို နာဆာက ၁၈၀၇ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး မားစ်ဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်ကြားတွင် ရှိသည်။ ၎င်းသည် ကမ္ဘာမြေမှ ခရီးမိုင်သန်းပေါင်း ၁၁၇ သန်းအကွာအဝေး၌ တည်ရှိသည်။ ***(အင်တာနက်)***

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အင်တိုင်းကျေးရွာ အဝင်လမ်း ကျောက်ချောခင်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးမင်းဇော် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်မီမီခိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၉	၂၀	နေရာကျဲကျဲမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၄	ချင်းပြည်နယ်	၂၀	၁၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာကွက်ကျားမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၅	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၇	၂၀	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၃	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၃	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၅	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၇	နေရာကွက်ကျားမိုးရွာ	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံတကာသတင်းများ

တရုတ်ကမ်းရိုးတန်း၌ ရေနံယိုဖိတ်မှု စင်ကာပူနိုင်ငံအရွယ်ခြောက်ဆမျှကျယ်ဝန်း

ပေကျင်း ဇူလိုင် ၁၇

တရုတ်ကမ်းရိုးတန်းတစ်လျှောက် အကြီးမားဆုံးရေနံယိုဖိတ်မှုကြီး ဖြစ်ပွားလျက်ရှိရာ စင်ကာပူနိုင်ငံ၏ အရွယ်အစားခြောက်ဆမျှကျယ်ဝန်းကြောင်း နိုင်ငံပိုင်မီဒီယာများက ဇူလိုင် ၁၆ ရက်တွင် ကြေညာသည်။

အဆိုပါ ရေနံယိုဖိတ်မှုမှာ အမေရိကန်ကုမ္ပဏီ ကိုနိုကိုဖိလစ်နှင့် တရုတ်နိုင်ငံပိုင် ရေနံကုမ္ပဏီ စီအင်န်အိုအိုစီတို့၏ ရေနံတူးစင်များမှ ယိုဖိတ်မှုဖြစ်ပြီး ရေနံယိုဖိတ်သည့် ရေပြင်ကြီးမှာ စတုရန်း မိုင်ပေါင်း ၁၆၅၀ ကျယ်ဝန်းကြောင်း အစိုးရထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းကဲ့သို့ ရေနံယိုဖိတ်မှုကြောင့် နောက်ထပ်စတုရန်း ကီလိုမီတာ ၃၄၀၀ မှာလည်း ညစ်ညမ်းလျက်ရှိကြောင်း တရုတ်နိုင်ငံပိုင် သမုဒ္ဒရာပတ်ဝန်းကျင်ထိန်းချုပ်ရေးအဖွဲ့၏ ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

တောင်းဆိုထား

ထိုသို့ ရေနံယိုဖိတ်မှုအတွက် အစိုးရမီဒီယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြစ်တင်ဝေဖန်လျက်ရှိပြီး ကုမ္ပဏီများအနေဖြင့် လျော်ကြေးပေးရန်လည်း တောင်းဆိုထားသည်။ ယင်းရေနံယိုဖိတ်မှုမှာ လွန်ခဲ့သည့် သီတင်းပတ်က တရုတ်ကမ်းရိုးတန်း အရှေ့မြောက်ပိုင်းရှိ ရေနံတူးစင်ပျက်စီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ရေနံစိမ်းတန်ချိန် ၁၅၀၀ ခန့် ပင်လယ်တွင်း ယိုစိမ့်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဝင်တစ်ဦး ယိုဖိတ်နေသော ရေနံများကို ရှင်းလင်းနေစဉ်။

အစ္စရေးတင့်ကားများ ဂါဇာကမ်းမြောင်အတွင်း ပစ်ခတ်

ဂျေရုဆလင် ဇူလိုင် ၁၇

ဂါဇာကမ်းမြောင်ဒေသတွင် ဇူလိုင် ၁၇ ရက်က အစ္စရေးတင့်ကားများ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ အစ္စရေးတို့ ပါလက်စတိုင်းနယ်အတွင်း ငါးရက်ဆက်တိုက်ပြုလုပ်သည့် တိုက်ခိုက်မှုဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အစ္စရေးတင့်ကားများက ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရသူများတွင် ကလေးငါးဦးပါဝင်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ထိုတိုက်ခိုက်မှုသည် အစ္စရေးတောင်ပိုင်းမြို့များကို ကာကွယ်သည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

လွန်ခဲ့သည့် ဇူလိုင် ၉ ရက်၌ အစ္စရေးဂျက်လေယာဉ်များက အီဂျစ်နှင့် ဂါဇာတောင်ပိုင်းရှိ ဥမင်လိုဏ်ခေါင်းတစ်ခုကို တိုက်ခိုက်ခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့က လူငယ်တစ်ဦး၏အလောင်းကို ကောက်ယူနိုင်ခဲ့သည်ဟုဆို၏။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲမှု ပြောင်းရွှေ့သူ ၄၅၅၀ ကျော်ရှိလာ

ဂျကာတာ ဇူလိုင် ၁၇

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း မြောက်ဆူလာဝေဆီမှ လိုကွန်မီးတောင် ပေါက်ကွဲမှုကြောင့် ပြောင်းရွှေ့သူဦးရေမှာ ဇူလိုင် ၁၆ ရက်တွင် ၄၅၅၀ ကျော်သည်အထိ များပြားလာသည်ဟု ဆို၏။

လိုကွန်မီးတောင်သည် ဇူလိုင် ၁၆ ရက်က နံနက် ၅ နာရီ ၁၁ မိနစ်၊ ၇ နာရီ ၅၆ မိနစ်နှင့် မွန်းလွဲ ၁ နာရီ ဝ၄မိနစ်တို့တွင် သုံးကြိမ်တိုင်ပေါက်ကွဲပြီး အမြင့် မီတာ၂၀၀ အထိ ပြာမှုန်များ လွင့်ထုတ်ခဲ့ကြောင်း မီးတောင်မှ ၅ ကီလိုမီတာအကွာရှိ စောင့်ကြည့်ရေးစခန်းမှ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောကြားသည်။ အနီးအနားရှိ ပြည်သူများသည် ကယ်ဆယ်ရေးစခန်းများသို့ စုပြုံရောက်ရှိလာကြကြောင်း ကယ်ဆယ်ရေးစီမံခန့်ခွဲမှုအဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဖဂန်တပ်ဖွဲ့ဝင်များထံ လုံခြုံရေးတာဝန် နေတိုး စတင်လွှဲပြောင်း

ကဘူးလ် ဇူလိုင် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ၏ အချက်အချာဒေသတစ်ခုဖြစ်သည့် ဘာမီယန်ပြည်နယ်ကို နေတိုးတပ်ဖွဲ့၏ လုံခြုံရေးစောင့်ကြပ်ထားရှိမှုမှ အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဇူလိုင် ၁၇ ရက်တွင် ပထမဆုံးလုံခြုံရေးတာဝန် စတင်လွှဲပြောင်းလိုက်ပြီ ဖြစ်သည်။

ယခုလုံခြုံရေး တာဝန်လွှဲပြောင်းမှုမှာ မတ်လအတွင်းက ကြေညာခဲ့သည့် အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်း၏ နယ်မြေခုနစ်ခု၏ လုံခြုံရေးတာဝန်များ ဒေသခံတပ်ဖွဲ့များထံ လက်လွှဲပေးအပ်သည့် စီမံကိန်း၏ ပထမဆုံးစတင်မှုပင်ဖြစ်သည်။

၂၀၁၄ ခုနှစ် နိုင်ငံတွင်း၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ လုံခြုံရေး တာဝန်ယူထားမှု အဆုံးသတ်ချိန်မတိုင်မီ အာဏာအကူးအပြောင်း ကာလ၌ ယခုလုံခြုံရေးတာဝန် လက်ပြောင်းပေးအပ်မှုမှာ အလွန်အရေးပါသည့် အစပျိုးမှုပင်ဖြစ်သည်။

အဆိုပါ တာဝန်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဘာမီယန်ရဲဌာနချုပ်တွင် ကျင်းပပြီးစီးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မက္ကဆီကို၌ ချုံခိုတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံး

မက္ကဆီကိုစီးတီး ဇူလိုင် ၁၇

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း အဝေးပြေးကားလမ်းမပေါ်၌ ဇူလိုင် ၁၆ ရက်က ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ဇူလိုင် ၁၇ ရက်၌ ပြောကြားသည်။

စီးနင်းတိုက်ခိုက်

အခင်းဖြစ်ပွားမှုမှာ ဆီနာလိုရာပြည်နယ်ရှိ အဝေးပြေးကားလမ်းပေါ်တွင် အကြမ်းဖက်လက်နက်ကိုင် အုပ်စုတစ်စုက ရဲတပ်ဖွဲ့ကင်းလှည့်မော်တော်ယာဉ်အား စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ တိုက်ခိုက်မှုဖြစ်ပွားချိန်မှာ ယင်းနေ့ ညနေ ၆ နာရီခန့်ဖြစ်ပြီး အခင်းဖြစ်ပွားရာအနီး ဖြတ်ပြေးသူအရပ်သားတစ်ဦးမှာ ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-စုစည်းသည်

လာဂို ဇူလိုင် ၁၇

နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိကမြို့တော်တစ်ခုဖြစ်သည့် လာဂိုမြို့တွင် အဆောက်အအုံတစ်လုံးပြိုကျမှုဖြစ်၍ သေဆုံးသူ နှစ်ဦးရှိခဲ့သည်။ တစ်ညလုံး ကယ်ဆယ်ရေးဆောင်ရွက်ရာမှ လူခြောက်ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ယင်းအဆောက်အအုံပြိုကျမှုသည် ယခုလအတွင်း၌ ဒုတိယအသေအပျောက်အများဆုံး အဆောက်အအုံပြိုကျမှုဖြစ်သည်။ ပြိုကျခဲ့သည်မှာ နှစ်ထပ်လူနေအဆောက်အအုံတစ်လုံးဖြစ်ကြောင်း၊ ဇူလိုင် ၁၆ ရက် ညပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီ တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

လာဂိုမြို့ ကိတူအရပ်တွင် ယခုပြိုကျခဲ့သည့်အဆောက်အအုံ၌ သုံးလွှာမြောက်အထပ်ကို တည်ဆောက်နေဆဲဖြစ်ကာ ယင်းအလွှာမှ စတင်ပြိုကျခဲ့ခြင်းဖြစ်သည်။ မကြာသေးမီက ဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ယင်းအဆောက်အအုံ ပြိုကျရခြင်းဖြစ်ခဲ့ရသည်ဟု အရေးပေါ်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဘတ်စ်ကားတစ်စီးတိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် ဇူလိုင် ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟန်ရူခရိုင်တွင် ဇူလိုင် ၁၆ ရက်က အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဘတ်စ်ကားတစ်စီးမှ ခရီးသည် ၁၀ ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်းအာဒူရှပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ဖြစ်ပွားမှုမှာ ပက်ရှ်ဝါပြည်နယ် အနောက်တောင်ပိုင်း ကီလိုမီတာ ၈၀ ခန့်အကွာ ကာရမ်အရပ်၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို အမည်မသိလက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်များ သေဆုံးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

သေဆုံးသူများမှာ အမျိုးသမီးသုံးဦးနှင့် အမျိုးသား ခုနစ်ဦးတို့ ဖြစ်ကြသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်တင်ပို့ပေးထားသည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုသည် မည်သည့်အဖွဲ့က ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိဟု သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမေရိကန်၌ အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ကမ်းလွန်တွင် ဇူလိုင် ၁၇ ရက် နံနက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ရှိ အင်အားပြင်းငလျင် လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းထွာရေးဌာနက သတင်းထုတ်ပြန်သည်။ ၄င်းငလျင်သည် အလာစကာပြည်နယ် အင်ချိုရာဂျီမြို့ အနောက်တောင်ဘက် မိုင် ၆၀၀ ခန့်အကွာ မြေအောက်အနက် မိုင် ၃၀ ၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ငလျင်လှုပ်မှုကြောင့် ကမ်းခြေဒေသများတွင် ဆူနာမီ သတိပေးချက် ထုတ်ပြန်ခဲ့ရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

ရုရှား၌ ဘတ်စ်ကားနှင့်ကုန်တင်ကားတိုက်မှု ဖြစ်ပွား

မော်စကို ဇူလိုင် ၁၇

ရုရှားနိုင်ငံ နိုဗိုမီဘားကီးဒေသတွင် ဇူလိုင် ၁၇ ရက် အစောပိုင်းက ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ထရပ်ကားတစ်စီးတို့ တိုက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုတွင် ကလေးငယ်နှစ်ဦးအပါအဝင် ငါးဦးသေဆုံးကြောင်း၊ ဒဏ်ရာရရှိသူ ၁၈ ဦးရှိကြောင်း ဒေသတွင်း ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို နိုဗိုစတီသတင်းဌာနက ကိုးကားဖော်ပြသည်။ **(အင်တာနက်)**

အိန္ဒိယတွင် ရေကြီးပြီး ရေလွှမ်းမှု ဖြစ်ပွား

ဂါဟာတီ ဇူလိုင် ၁၇

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး အဆက်မပြတ်ပြင်းထန်စွာရွာသွန်းသဖြင့် ဘာရာမာပူတြာမြစ်ရေလျှံမှု ဖြစ်ပေါ်နေပြီး အက်စ်ဆမ်ပြည်နယ် အရှေ့မြောက်ပိုင်း အစွန်အဖျားရှိ ကျေးရွာ ၂၀မှာ ရေလွှမ်းခဲ့သည်။ ပြည်နယ်မြောက်ပိုင်းရှိ ခရိုင်သုံးခရိုင်တွင် နေထိုင်သူ ၁၅၀၀၀၀ ကျော် ယင်းရေကြီးမှုကို ကြုံတွေ့နေပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

တူရကီတွင် မူးယစ်ဆေးဝါးအများအပြားဖမ်းဆီးရမိ

အန်ကာရာ ဇူလိုင် ၁၇

တူရကီနိုင်ငံတွင် ဇူလိုင် ၁၆ ရက်က မူးယစ်တိုက်ဖျက်စစ်ဆင်ရေးနှစ်ရပ်အတွင်း မူးယစ်ဆေးဝါးပမာဏအများအပြား ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းပြည်နယ်တို့အတွင်း ပူးပေါင်းစစ်ဆင်ရေး၌ ဘိန်းဖြူ ကီလိုဂရမ် ၅၀ ဖမ်းဆီးနိုင်ပြီး အနောက်ပိုင်းပြည်နယ်တွင် ဆင်နွှဲသည့် အခြားစစ်ဆင်ရေး၌ ဆေးခြောက် ၁၃၃ ကီလိုဂရမ် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ကာဘာရာ ဇူလိုင် ၁၇

အီရတ်နိုင်ငံ ကာဘာရာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ၁၀ ဦး သေဆုံးကာ ၇၀ ဒဏ်ရာရရှိခဲ့ကြသည်။ ဇူလိုင် ၁၅ ရက် မွန်းလွဲချိန်တွင် ကားနှစ်စီးဗုံးခွဲမှုစတင်ဖြစ်ပွားပြီးနောက် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းအထိ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်းဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုး သီးနှံအထွက်တိုးပြီး တောင်သူများစီးပွားဖွံ့ဖြိုး

နေပြည်တော် ဇူလိုင် ၁၇

စပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေသော မိုးညှင်းမြို့နယ်။

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး အထူးအထွက်တိုး အောင်မြင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများက တောင်သူများနှင့် လက်တွဲ၍ စိုက်ကွင်းအရောက် ကွင်းဆင်း ဆောင်ရွက်နေကြောင်း သတင်းရသဖြင့် စာရေးသူ အဆိုပါ စိုက်ကွင်းများသို့ ရောက်ရှိခဲ့သည်။

စိုက်ကွင်းများဆီသို့ ရောက်သောအခါ မိုးညှင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအေးမြင့်မောင်နှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုစိုက်ပျိုးကြရေးအတွက် တောင်သူများနှင့် ညှိနှိုင်းဆွေးနွေး၍ စိုက်ပျိုးရေးပညာပေး စိုက်ကွင်းများတွင် လက်တွေ့စိုက်ပျိုးပြသနေသည်ကို တွေ့ရသည်။

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးညှင်းမြို့နယ် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ကြင်းကုန်းကျေးရွာအုပ်စု၌ မြေဧရိယာဧက ၅၀၀ ကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ကြပြီး လယ်ယာကုန်ထုတ်အသင်းကို ဖွဲ့စည်းခဲ့သည်။ အင်ကြင်းကုန်း ကျေးရွာအုပ်စု၌ အင်ကြင်းကုန်းကျေးရွာ၊ မရင်းကုန်းကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာနှင့် ဆင်ဘိုကုန်းကျေးရွာများ ပါဝင်ပြီး တောင်သူများပိုင် လယ်ထွန်စက်ငယ် ၅၅ စီး၊ စပါးခြွေလှေ့စက် ၁၄ လုံး ရှိကြောင်း သိရသည်။

အင်ကြင်းကုန်း ကျေးရွာအုပ်စုရှိ တောင်သူ ၇၁ ဦးစုပေါင်း၍ လယ်ယာကုန်ထုတ်သမဝါယမအသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် တောင်သူဦးထွန်းရွှေ၊ အဖွဲ့ဝင်တောင်သူ ဦးကျော်စိန်၊ အဖွဲ့ဝင် တောင်သူ ဦးလှသိန်း စသည်တို့ဖြင့် ဖွဲ့စည်းပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ကိုယ်စားလှယ် ဦးတင်လှ၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကိုယ်စားလှယ် ဦးမြင့်သန်းတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြမည်ဖြစ်သည်။

အဆိုပါ လယ်ယာကုန်ထုတ် သမဝါယမအသင်း၏ လယ်မြေဧက ၅၀၀ တွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ဖြင့် တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေးနှင့် မိုးစပါး အထူးအထွက်တိုးရရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများ ပေါင်းစပ်ညှိနှိုင်း ကြိုးစားလုပ်ကိုင် ဖော်ဆောင်နေကြပြီဖြစ်သည်။

“ကျွန်တော်တို့ ဒီမှာ လုပ်ကိုင်နေကြတဲ့ တောင်သူတွေဟာ လယ်ယာလုပ်ငန်းခွင်မှာ အထွက်နှုန်းယှဉ်ပြိုင်မှုတွေရှိကြပါတယ်။ သူ့လယ်က တင်း ၁၀၀ထွက်ရင် ငါ့လယ်ကလည်း သည့်ထက်မနည်းစေရဘူးဆိုပြီး မှန်ကန်တဲ့လုပ်ငန်းယှဉ်ပြိုင်မှုတွေရှိကြပါတယ်။ ဒါကြောင့် တင်း ၁၀၀အထက် ထွက်ရှိရေးလျာထားချက်ကို ပြည့်မီမှာ သေချာပါတယ်”ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်မောင်က စာရေးသူအား ရှင်းပြသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်ပြီး “တောင်သူတွေက မိုးစပါးပြီးတာနဲ့ မြေပဲ၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်သီး၊ ဖရဲသီး စတာတွေကို သီးထပ် သီးညှပ် စိုက်ပျိုးနေတာကြောင့် လူမှုစီးပွားဘဝ တိုးတက်လျက်ရှိပါတယ်” ဟု တောင်သူများ၏ ဘဝပုံရိပ်ကို ပြောပြသည်။

မိုးညှင်းမြို့နယ်၏ အခြားသော ကျေးရွာများတွင်လည်း ရာသီအလိုက် သီးထပ်ဟင်းရွက်သီးနှံများကို စိုက်ပျိုးအောင်မြင်ကာ ဝင်ငွေတိုးပြီး အကျိုးဖြစ်ထွန်းလျက်ရှိနေကြကြောင်း သိရှိရသည်။ ပန်းမုန်လာ၊ မုန်လာထုပ်၊ မုန်ညင်း၊ မုန်ညင်းဖြူ၊ မုန်လာဥ၊ ခရမ်းသီး၊ ဗူးသီး၊ ဗုံလုံသီး၊ ရုံးပတီသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး စသည့် ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ထွက်သဖြင့် အခြားသောမြို့နယ်များသို့ တင်ပို့နိုင်လျက်ရှိပြီး ဈေးကွက်ဝင် အရောင်းအဝယ်သွက်သဖြင့် တောင်သူများ ဝင်ငွေတိုးကာ စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်ကို တွေ့မြင်ရသည်။

စာရေးသူသည် အင်ကြင်းကုန်း ကျေးရွာအုပ်စုရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံအတွင်း ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။

ခြံတွင် တာဝန်ယူနေသော လက်ထောက်သုတေသနအရာရှိ ဦးမြင့်သောင်းက သုတေသနခြံ၏ မျိုးသန့်စိုက်ပျိုးထုတ်လုပ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းပြသ ရှင်းလင်းပြောပြသည်။

သိပ္ပံနည်းကျ လုပ်ကိုင်လျက်ရှိသော ဆင်းဧကရီ-၃ စပါး မျိုးသန့် (မိဘမျိုး) အခြေခံမျိုးအဆင့်-၁၊ ဆင်းဧကရီ-၃ စပါးမျိုးသန့် အဆင့်-၂နှင့် ဆင်းဧကရီ-၃ မျိုးသန့်အဆင့်-၁ ပျိုးကြပျိုးထောင်နေမှု လုပ်ငန်းခွင်များကို စိတ်ဝင်စားဖွယ် မြင်တွေ့ခဲ့ရသည်။

ယခုအခါသက်ဆိုင်ရာဌာနဆိုင်ရာများ၏ ကူညီမှု၊ ဒေသခံတောင်သူများ၏ စုပေါင်းကြိုးပမ်းမှုဖြင့် မိုးညှင်းဒေသတွင် မိုးစပါးအထွက်တိုးမည်မှာ ဧကန်မုချပင်ဖြစ်သည်။

ဤကဲ့သို့ လယ်ယာကုန်ထုတ် သမဝါယမအသင်းဖွဲ့စည်းပြီး မျိုးကောင်းမျိုးသန့်များဖြင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်သွားပါက စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိကာ စပါးများ ဖူလုံပိုလျှံလာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မုချဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်-မျိုးအောင်(မိုးညှင်း)

သိပ္ပံနည်းကျပျိုးထောင်စိုက်ပျိုးအောင်မြင်နေသော ဆင်းဧကရီ-၃ စပါးပျိုးပင်များ။

ဆင်းဧကရီ-၃ စပါးမျိုးသန့်များကို ဤသို့ ပေါင်စနစ်ဖြင့် စနစ်တကျ ပျိုးထောင်စိုက်ပျိုးကြသည်။

မိုးစပါးအထူးအထွက်တိုးရေးအတွက် မိုးညှင်းဒေသ၌ ပေါင်စနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါးပျိုးပင်များနှင့် လယ်ယာလုပ်ငန်းခွင်မြင်ကွင်း....။

ဖောင်ပိတ်သတင်း

မြင့်မောင်စိုး ——— ရေးသားသည်

အမျိုးသမီးကမ္ဘာ့ဖလား ဂျပန်အသင်း အာရှသို့ သယ်ဆောင်သွားပြီ

ဖရန့်ဖွတ် ဇူလိုင် ၁၈

၂၀၁၁ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့၌ အာရှသူ ဂျပန်အမျိုးသမီးဘောလုံးအသင်းနှင့် အမေရိကန် အမျိုးသမီးဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အဖွင့်ဂိုးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အမေရိကန်အမျိုးသမီးအသင်းက ခြောက်ကြိမ် ဂိုးပေါက်ကန်သွင်းခွင့်ရရှိခဲ့သည်။ သို့သော် ဂိုးဘားတိုင် ထိမှန်ခြင်း၊ ဂိုးဘားပေါ်မှ ကျော်တက်ခြင်းတို့ကြောင့် အမေရိကန်ပရိသတ်များ “ဂိုး”ဟု အော်သံများ မကြားရပေ။ အာရှသူ ဂျပန်အမျိုးသမီးအသင်းသည် အမေရိကန် တိုက်စစ်မှူးများ၏ တိုက်စစ်အောက်တွင် ကြံ့ကြံ့ခံရင်း တည်တည်ငြိမ်ငြိမ် ထိန်းကစားသွားသည်ကို တွေ့ရသည်။ ရံဖန်ရံခါ အမေရိကန်နောက်တန်းကို ခြိမ်းခြောက်ဂိုးသွင်းရန် ကြိုးစားခဲ့သည်။ ဂျပန်တို့ ပထမပိုင်းတွင် နှစ်ကြိမ် ဂိုးပေါက်ကန်ခွင့်ရခဲ့သည်။ သို့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် အမေရိကန်တို့ ကစားကွက်အသာစီးဖြင့် ကွင်းလယ်မှ ကန်တင်ပေးလိုက်သော အမြောက်ကန်ဘောကို အမေရိကန်တိုက်စစ်မှူး ဖော်ဂန် ရရှိသွားပြီး ဂျပန်နောက်တန်းလူနှစ်ယောက်ကို ဖြတ်ကျော်ကာ ဘယ်ခြေဖြင့် ဂျပန်ဂိုးသမား၏ ဘယ်ဘက်ထောင့်ထဲသို့ လှလှပပ ကန်သွင်းယူလိုက်သဖြင့် အမေရိကန်တို့ ဖွေဆော်ဦးဂိုး ရရှိသွားခဲ့သည်။ သို့သော်လည်း ဂျပန်ကစားသမားများ စိတ်ဓာတ်မကျဘဲ တိကျသော ကစားကွက်၊ ထိမိသော အချိတ်အဆက်များဖြင့် အမေရိကန်နောက်တန်းကို ထိုးဖောက်ခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် မီရာမာက အမေရိကန်နောက်တန်း ကစားသမားများ၏ အမှားမှတစ်ဆင့် ပြန်လည်ချေပဂိုး သွင်းယူခဲ့သည်။

အချိန်ပို

ပုံမှန်ကစားချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြစ်နေ၍ အချိန်ပိုကစားခဲ့ရသည်။ အချိန်ပို ပထမပိုင်းတွင် အမေရိကန်မှ ဝမ်ဘတ်က ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။ သို့သော် အချိန်ပိုဒုတိယပိုင်းတွင် ဂျပန်အသင်းခေါင်းဆောင် ဟိုမာရီဆာဝါက ချေပဂိုးသွင်းယူခဲ့သည်။ အချိန်ပိုတွင် တစ်ဖက်တစ်ဂိုးစီ သွင်းယူခဲ့သဖြင့် သရေကျကာ ပယ်နယ်တီ ငါးဂိုးစီကန်သွင်းရာ ဂျပန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားကြီးကို အာရှသို့ သယ်ဆောင်သွားနိုင်ပြီဖြစ်သည်။

ရွှေဖိနပ်ဆုရ ဂျပန်အမျိုးသမီးအသင်းခေါင်းဆောင် ဟိုမာရီဆာဝါနှင့် အမေရိကန်အသင်းမှ ကာလီလွိုက်တို့ ဤသို့ အကြိတ်အနယ်....။

ဘယ်လ်ဂျီယံဂိုးသမား ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဇူလိုင် ၁၇

ဘယ်လ်ဂျီယံကလပ်ဂျင့်(ခ်)အသင်း တွင်ကစားနေသော ဂိုးသမားသီဘောက်ကော်တွစ်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။

အသက် ၁၉နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံ ချန်ပီယံဂျင့်(ခ်)ဂိုးသမား ကော်တွစ်သည် ချယ်လ်ဆီးနည်းပြသစ် ဗီးလက်ဘိုစ်လက်ထက် ပထမဆုံး စာချုပ်ချုပ်ဆိုမည့် ဘောလုံးသမားဖြစ်လာမည်ဖြစ်သည်။ အရပ် ၆ ပေ ၆ လက်မရှိ ကော်တွစ်သည် ပြီးခဲ့သောရာသီက ဂျင့်(ခ်) အသင်း အတွက် ပွဲပေါင်း ၄၀ ပါဝင်ကစားပေးခဲ့ပြီး ဘယ်လ်ဂျီယံအသင်း ချန်ပီယံဖြစ်အောင် ကစားပေးနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

တီဗက်ဇ်အား ပေါင် ၃၉ သန်းဖြင့် ခေါ်ယူရန် [illegible]

လန်ဒန် ဇူလိုင် ၁၇

ဘရာဇီးကလပ် ကိုရင်သီရန်အသင်းက မန်စီးတီးအသင်းခေါင်းဆောင် ကားလို့စ်တီဗက်ဇ်အား ခေါ်ယူရန် ထပ်မံကမ်းလှမ်းလိုက်သည်။ အာဂျင်တီးနား တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား ယခုသီတင်းပတ်စောစောပိုင်းက ၎င်းကလပ်မှ ပေါင် ၃၅ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း မန်စီးတီးက ယင်းပြောင်းရွှေ့ကြေးထက် ပိုတောင်းခဲ့သည်။ ထို့ကြောင့် ကိုရင်သီရန်အသင်းက ပေါင် ၃၉ သန်းအထိ တိုးမြှင့်မည်ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။ သို့သော်လည်း မန်စီးတီးက ကားလို့စ်တီဗက်ဇ်၏ ပြောင်းရွှေ့ကြေးအတွက် ပေါင်သန်း ၅၀ အထိ ရရှိရန် လိုလားနေသည်။ တိုက်စစ်မှူးတီဗက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ် ကစားခွင့်နေရာအတွက် ကစားပေးနိုင်ခဲ့သည်။ ၎င်းအား ကိုရင်သီရန်ကလပ်က တစ်ပတ်ပေါင် နှစ်သိန်းနီးပါး လုပ်ခလစာပေးမည်ဟု ဆိုသည်။ (အင်တာနက်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၇-၇-၂၀၁၁

ဟိုပင်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟိုပင်မြို့နယ်ခွဲ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက်က ဟိုပင်မြို့ အမကမူလွန်နတ်ကြီးကုန်းကျောင်း ဘောလုံးကွင်းဝန်းကျင်၌ကျင်းပရာ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ခွဲသစ်တော ဦးစီးဌာန နယ်မြေခံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ခရေ၊ မဲဇလီ၊ ယူကလစ်၊ ပိတောက် အပင်စုစုပေါင်း ၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းစိုက်ပျိုး

မိုင်းဖြတ်မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ပါဆန်းကျေးရွာအနီး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်း ၆၀၀နှင့် မဲဇလီ ၅၀၀တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

တောင်သာမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်သာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျေးလက်အိမ်ရာ ထူထောင်ရေး တစ်ရွာတစ်ဧက ဘက်စုံသုံးစိုက်ခင်း၊ အိမ်ထောင်စုတစ်စုလျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်းကို ဇွန် ၂၆ ရက် နံနက်က တောင်သာမြို့နယ် ကြည်ကုန်းကျေးရွာ၌ ကျင်းပရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်း ၃၇၈ ပင်နှင့် ယူကလစ်ပင် ၂၈၂၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မင်းလှမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သရက်ခရိုင် မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအနီးတွင် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ စိန်ပန်း၊ ကုက္ကိုပင် ၆၀၀ နှင့် ခြံစည်းရိုးကြက်ဆူပင် ၁၂၉၀ တို့ကို စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

အလားတူ ကျေးလက်အိမ်ရာထူထောင်ရေးဖြစ်သော တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် လမ်းဘေးဝဲယာ စိုက်ပျိုးရမည့် သစ်မာပင်များ၊ ယူကလစ်ပင်များ စုစုပေါင်း ၁၄၁၇၁၉ ပင်ကိုလည်း စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သထုံ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သထုံမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက်က သထုံမြို့နယ် ထောင်မျှုးကျေးရွာအုပ်စု လေးတိုင်(အမက)ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဦးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးချွန်လှိုင်ဝင်းတို့က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြပြီးနောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက ကျွန်းပင် ၂၅၀နှင့် ယူကလစ်ပင် ၆၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေဦး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ရေဦးမြို့နယ် မန်ကျည်းတောကျေးရွာအုပ်စု ဇနိယဇောတိကကျောင်းတိုက်အနီးတွင် ဇွန် ၂၅ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျွန်းပင် ၂၈၀၊ ယင်းမာပင် ၁၀၀၊ တမာပင် ၅၀၊ သရက်ပင် ၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(ယာပုံ)** **(ဝ၃၄)**

မြန်မာ့အလင်း သတင်းအတိုအထွာ (၁၇-၇-၂၀၁၁)

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲ မင်းတုန်းမြို့၌ကျင်းပ

သရက်ခရိုင် မင်းတုန်းမြို့နယ် မင်းတုန်းခန်းမ၌ ဇူလိုင် ၃ ရက်က မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲပြိုင်ပွဲကျင်းပရာ အဆိုပါအခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာ ၁၅ အုပ်စုမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု မကေဇင်ရဲထွဋ် ကန်လည်ကျေးရွာ၊ ဒုတိယဆု မဆုရည်မွန် အမှတ်(၄)ရပ်ကွက်နှင့် တတိယဆု မနွယ်နီဖြိုး အမှတ်(၃)ရပ်ကွက်တို့က ဆုများရရှိခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

လားရှိုးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

လားရှိုးမြို့နယ် ကွန်ပျူတာတက္ကသိုလ်ကကြီးမှူး၍ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် နံနက်က လားရှိုးမြို့ ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးစိုးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်မောင်းသူများဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ်ဆွေးနွေး ဟောပြောပြီး တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ယာဉ်တိုက်မှုမှတ်တမ်းများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ *(၄၀၁)*

အောဝမ်း မီးဖိုပေးအပ်ပွဲ ရေနံချောင်းမြို့နယ်၌ ကျင်းပ

ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စွမ်းအားမြင့် အောဝမ်းမီးဖိုပေးအပ်ပွဲကို ကံကြီးအုပ်စု ဖန်ခါးစမ်းကျေးရွာ မူလတန်းကျောင်းခွဲ၌ ဇူလိုင် ၁၀ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကား ပြောကြားပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က စွမ်းအားမြင့်မီးဖိုသုံးစွဲနည်းအား ရှင်းလင်းပြောကြားကာ ကျေးရွာပြည်သူများအသုံးပြုရန် စွမ်းအားမြင့်မီးဖိုအလုံး ၈၀ ကို ကျေးရွာမှတာဝန်ရှိသူတစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မိုးကောင်း၌ ကောက်ယူရရှိငွေ ပိုင်ရှင်ထံပြန်အပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်မေဖူးကိုသည် ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက ရုံးဝင်းအတွင်း၌ ငွေကျပ်တစ်သိန်းပါအထုပ်တစ်ထုပ်ကို ကောက်ယူရရှိသဖြင့် မြို့နယ်ဦးစီးမှူးထံတင်ပြပြီး ပိုင်ရှင်ကိုစုံစမ်းရာ ကာမိုင်းမြို့နေ ဦးကျော်ဇင်လတ်ပိုင်ဆိုင်သည့် ငွေဖြစ်ကြောင်း သိရှိရ၍ ၎င်းအားအကြောင်းကြားကာ နေ့တွင်းချင်းပင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရှိရသည်။ ***(၀၆၂)***

သိပ္ပံနည်းကျ ပေါင်းစိုက်ပျိုးနည်း ကလေးဝ၌သရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မျိုးကောင်းမျိုးသန့်ပြောင်းလဲ စိုက်ပျိုးရေး၊ တစ်ဧက တင်း၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစနစ် (၁၄)ချက်နှင့်အညီ ပေါင်းပျိုးနည်းစနစ်လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၁၄ ရက်က ကလေးဝမြို့ ကိုင်းကျေးရွာအုပ်စု တောင်သူဦးဝင်းကို၏လယ်ကွက်၌ကျင်းပရာ ကလေးဝမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က သိပ္ပံနည်းကျ (၁၄) ချက်နှင့်အညီ စပါးစိုက်ပျိုးနည်း အကြောင်းကို တက်ရောက်လာသည့် တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံသို့ ဓာတ်မှန်စက်ပေးအပ်လှူဒါန်း

မော်လိုက်မြို့နယ် ရွှေထုတ်လုပ်သူများအသင်းက မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံသို့ (၁၀၀- MA) ဓာတ်မှန်စက်ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ ကျင်းပရာ ငွေကျပ် ၄၉၃၁၈၀၀ တန်ဖိုးရှိသည့် (၁၀၀-MA) ဓာတ်မှန်စက်ကို မြို့နယ်ရွှေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးအောင်စိုးပိုင်က ပေးအပ်လှူဒါန်းသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်စနစ်ဖြင့် စပါးပျိုးထောင်နည်း ကျောက်တလုံးကြီး၌ဟောပြော

တောင်ကြီးခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောက်တလုံးကြီးမြို့နယ်ခွဲ မြို့နယ်ခွဲမန်နေဂျာ ဒေါ်မော်မော်လွင် ခေါင်းဆောင်သောအဖွဲ့သည် ဇွန် ၁၆ ရက် နံနက်က ပင်တွန်ကျေးရွာအုပ်စု နောင်ဖက်ပုံးကျေးရွာ တောင်သူဦးပျော်၏လယ်ကွက်၌ မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စပါးပျိုးထောင် စိုက်ပျိုးရေး ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

တိရစ္ဆာန်ရောဂါကာကွယ်ရေး နတ်မောက်၌ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဝက်နားရွက်ပြာရောဂါနှင့်တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် အခြားကူးစက်ရောဂါများနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်းကို ကျေးရွာများတွင် ဆောင်ရွက်ပြီးနောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာလှိုင်မင်းနှင့် ဒုတိယဦးစီးမှူး ဒေါက်တာရဲလင်းထွဋ်တို့သည် ကျွဲ၊ နွားများအား ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ *(၁၂၇)*

ချွဲစုပ်စက်နှင့်အသက်ရှူစက် ရေစကြိုပြည်သူ့ဆေးရုံသို့လှူဒါန်း

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ဇူလိုင် ၉ ရက် နံနက်က မန္တလေးမြို့နေ ဒေါက်တာထွန်းလင်း-ဒေါ်အမာချစ်မိသားစုက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ချွဲစုပ်စက်နှင့် အသက်ရှူစက် ပေးအပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင် ဒေါက်တာထွန်းလင်းက ချွဲစုပ်စက်နှင့်အသက်ရှူစက် ပေးအပ်လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီးနောက် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပေါင်းခင်းတွဲငါးမွေးရေး

စံလွင် (ငါးဦးစီး)

မြန်မာနိုင်ငံသားများအတွက် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရဓာတ်ပြည့်ဝရေးတို့တွင် စပါးနှင့်ငါးသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ငါးသည် ရေတည်ရှိရာ ပတ်ဝန်းကျင်၌ ရှင်သန်ပေါက်ပွား ကြီးထွားသည်။ သို့ဖြစ်၍ စပါးစိုက်ခင်းများရှိ သဘာဝငါးများကို လယ်ယာလုပ်သားများက ငါးဟင်းစားအဖြစ် နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးစားသောက်ကြခြင်းမှာ ကျေးလက်ဒေသရှိတောင်သူလယ်သမားများ၏ ရိုးရာဓလေ့ဟုပင်ဆိုနိုင်သည်။

စပါးစိုက်ပျိုးသည့်လယ်ကွင်းများ ရေလျော့ချိန်တွင် လယ်ကန်သင်းပေါက်၌ မြုံးများခံ၍ ငါးဖမ်းယူခြင်းဖြင့် ရေမြေအခြေအနေကိုလိုက်၍ ငါးရံ့၊ ငါးပြေမ၊ ငါးစင်ရိုင်း၊ ငါးတောင်စင်း အစရှိသည့် ဟင်းစားသဘာဝငါးမျိုးစုံကို လယ်တစ်ဧကလျှင် သုံးလေးပိဿာခန့်ရတတ်သည်။ ဤနည်းကိုအခြေခံ၍ စပါးစိုက်ခင်းများအတွင်း စနစ်တကျ ငါးသားပေါက်များထည့်သွင်းမွေးမြူပါက လယ်ရိတ်သိမ်းချိန်မတိုင်မီအတွင်း လယ်တစ်ဧကလျှင် ၁၀ ပိဿာမှ ပိဿာချိန် ၂၀အထိ ရရှိနိုင်မည်ဖြစ်သည်။

စပါးခင်းများအတွင်း ငါးမျိုးများထည့်သွင်းမွေးမြူခြင်းကို မိုးရေအားပြုသောနေရာများ၊ ရေသွင်းစိုက်ပျိုးသောဒေသများ၌ ဆောင်ရွက်နိုင်ပါသည်။ လယ်ကွင်းတည်နေရာသည် ရေလုံလောက်စွာရရှိကာ ရေသွင်းရေထုတ် ကောင်းမွန်ပြီး လယ်မြေသည်လည်း ရေစိမ့်ထွက်မှုနည်းသော နွံ့စေးမြေအမျိုးအစားဖြစ်ရမည်။

စပါး၊ ငါးလယ်ကွင်းပုံစံပြုပြင်လျှင် သမားရိုးကျလယ်ကွင်းများတွင် လယ်ကန်သင်းပတ်လည်၌ အနက်တစ်ပေ၊ အကျယ်တစ်ပေခွဲရှိ ပတ်လည် မြောင်းတူးပြီး ကျောက်ပျဉ်ပုံပြုပြင်ရသည်။ လယ်ကွက်အတွင်း ရေအနက် တစ်ပေခွဲခန့်သွင်းနိုင်ရန် ကန်သင်းပေါင်ကိုလည်း မြှင့်တင်ပေးထားရမည်။ လယ်ကွင်းအတွင်းစိုက်ပျိုးထားသည့် ကောက်ပင်များ ခိုင်မြဲစွာအမြစ်တွယ်ပြီးမှသာ ငါးသားပေါက်များကို ထည့်သွင်းမွေးမြူရသည်။

စပါးခင်းများအတွင်းထည့်သွင်းမွေးမြူရန် ငါးမျိုးများရွေးချယ်ရာ၌ အချိန်တိုအတွင်း ကြီးထွားလွယ်ပြီး ရေတိမ်တွင်နေနိုင်ခြင်း၊ ရေနောက်ကျိခြင်းနှင့် အပူချိန်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိကာ အစာမရွေးစားသုံးသော အလေ့အထရှိသည့် ငါးမျိုးများကို ရွေးချယ်မွေးမြူသင့်သည်။

သို့ဖြစ်၍ စပါးခင်းများရှိ ရေထုထည်အတွင်း လိုက်လျောညီထွေစွာ နေထိုင်နိုင်သည့် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးနှင့် တီလားပီးယားငါးမျိုးများကို အများဆုံးရွေးချယ်မွေးမြူကြပြီး အထက်၊ အလယ်၊ အောက်ရေလွှာစုံရှိ သဘာဝအစာများ စားသုံးစေရေးအတွက် ရောနှောထည့်သွင်းမွေးမြူကြသည်။

ရွှေဝါငါးကြင်းမျိုးသည် အားသာချက်အနေဖြင့် ရေနောက်ကျိမှုနှင့် ရေအရည်အသွေးမပြည့်မီမှုကို ခံနိုင်ရည်ရှိပြီး ကြီးထွားနှုန်းကောင်းမွန်ပါသည်။ အားနည်းချက်အနေနှင့်မူ ရှင်သန်နှုန်းနည်းတတ်သည်။ ငါးခုံးမကြီးမျိုးသည် ရှင်သန်နှုန်းကောင်းမွန်သော်လည်း ရေတိမ်နှင့်အရည်အသွေး မပြည့်မီသော ရေထုတွင် ကြီးထွားနှုန်းနည်းသည်။ တီလားပီးယားသည် အပူချိန်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော်လည်း အားနည်းချက်အနေနှင့်မူ အလွန်အကျွံမျိုးပွားလွယ်၍ ကြီးထွားနှုန်းလျော့နည်းပါသည်။

စပါးခင်းများအတွင်း ငါးမျိုးများထည့်သွင်းမွေးမြူရာ၌ လယ်တစ်ဧကလျှင် ငါးသားပေါက်ကောင်ရေ ၅၀၀ မှ ၁၀၀၀ နှုန်းအထိ သီးခြားအစာကျွေးရန်မလိုဘဲ လယ်ကွင်းအတွင်းရှိ သဘာဝအစာနှင့်ပင် မွေးမြူနိုင်သည်။ စပါးခင်းများအတွင်း စတင်ထည့်သွင်းရာ၌ လယ်ကွင်းအတွင်းရှိ သဘာဝ အသားစားငါးများရန်မှ လွတ်ကင်းရန်အတွက် ရှောင်တိမ်းနိုင်သည့် နှစ်လက်မမှ သုံးလက်မအရွယ် ငါးသားပေါက်များကို ထည့်သွင်းရမည်။ ရွှေဝါငါးကြင်းသည် စပါးခင်းများရှိ သဘာဝအစာများဖြစ်သည့် သတ္တဝါမွှားလေးများ (Zooplankton)၊ ခရု၊ ကဏန်းငယ်များနှင့် ၄င်းတို့၏ သားလောင်းအဆင့်ဆင့်များကို စားသုံးသည်။ ငါးခုံးမကြီးသည် စပါးခင်းများရှိ ပေါင်းမြက်များ၊ ရေညှိရေမှော်များကို စားသုံးပြီး တီလားပီးယားသည် အစုံစားသည့် အလေ့အထရှိသောငါးမျိုးဖြစ်သည်။

စပါးခင်းများအတွင်း ငါးမွေးမြူရေးသက်တမ်း ရက်၁၀၀ မှ ၁၂၀ အတွင်း ငါးများသည် လေးကျပ်သားမှ ခုနစ်ကျပ်သားအရွယ်အထိ ကြီးထွားလာသည်။ စပါးရိတ်သိမ်းချိန်တွင် ကန်သင်းပတ်မြောင်းမှ ရေလျှော့ပြီး မြောင်းများအတွင်းမှ ပြန်လည်ဖမ်းယူနိုင်သည်။ ရရှိသောငါးများကို ဈေးကွက်အတွင်း တင်ပို့ရောင်းချ၍ လည်းကောင်း၊ နေ့စာမိုးစာငါးပိသိပ်၍ စားသုံးရန်လည်းကောင်း သို့မဟုတ်ပါက ပိုမိုကြီးထွားရန် အသားတိုးငါးကန်များသို့ ပြောင်းရွှေ့၍လည်းကောင်း ဆက်လက်မွေးမြူနိုင်သည်။

ငါးလုပ်ငန်းဦးစီးဌာနက ကောက်ယူထားသော စစ်တမ်းများအရ စပါးသက်တမ်း ရက် ၁၀၀ မှ ၁၂၀ ရှိ မနောသုခစပါးစိုက်ခင်း၌ မွေးကာလ ဇူလိုင်လမှ အောက်တိုဘာလအထိ (လေးလ)အတွင်း ရှင်သန်နှုန်းအနေဖြင့် ရွှေဝါငါးကြင်း ၄၀ ရာခိုင်နှုန်း၊ ငါးခုံးမကြီး ၆၆ ရာခိုင်နှုန်း၊ တီလားပီးယား ၆၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။ ကြီးထွားမှုအနေနှင့်မူ နှစ်လက်မအရွယ် ၀ ဒသမ ၄ ကျပ်သား၊ ရွှေဝါငါးကြင်းသည် ပျမ်းမျှခြောက်လက်မအရွယ် ခုနစ်ကျပ်သားကြီးထွားသည်။ နှစ်လက်မအရွယ် ၀ ဒသမ ၃ ကျပ်သား၊ ငါးခုံးမကြီးသည် ပျမ်းမျှခြောက်လက်မအရွယ် ၆ ဒသမ ၅ ကျပ်သား ကြီးထွားပြီး နှစ်လက်မအရွယ် ၀ ဒသမ ၄ ကျပ်သား၊ တီလားပီးယားသည် ပျမ်းမျှလေးလက်မအရွယ် ၄ ဒသမ ၅ ကျပ်သား ကြီးထွားကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ စပါးစိုက်လယ်တစ်ဧကလျှင် ငါးသားပေါက်ကောင်ရေ အနည်းဆုံး ၅၀၀ မှ ၁၀၀၀ ထည့်သွင်းပြီး ရှင်သန်နှုန်း ၄၀ ရာခိုင်နှုန်း ပျမ်းမျှ ငါးကျပ်သားဖြင့် တွက်ချက်ပါက လယ်တစ်ဧကလျှင် ငါးပိဿာချိန် ၁၀ ပိဿာ မှ ၂၀ ပိဿာအတွင်း ထွက်ရှိမည်။ ထို့အပြင် စပါးခင်းအတွင်း ထည့်သွင်းမွေးမြူထားသော ငါးမျိုးများသည် လယ်ကွင်းများမှတစ်ဆင့် သဘာဝရေပြင်များသို့ရောက်ရှိပါကလည်း ဥချသားပေါက်နိုင်၍ သဘာဝပတ်ဝန်းကျင်၌ ငါးသယံဇာတများတိုးပွားမှုကို အထောက်အကူပြုစေသည်။

အပင်နှင့်သတ္တဝါ အပြန်အလှန်အကျိုးပြုကြသည့် အခြားတစ်ချက်မှာ စပါးခင်းများအတွင်းရှိ သဘာဝအစာများကို ငါးများရှာဖွေစားသုံးပြီး ပြန်လည်စွန့်ထုတ်သည့်ငါး၏ စွန့်ထုတ်ပစ္စည်းများသည် စပါးအတွက် ဩဇာဓာတ်သဖွယ် အကျိုးရှိစေသည့် အားသာချက်ပင်ဖြစ်သည်။ စပါးနှင့်ငါးတွဲဖက်မွေးမြူသည့် လယ်ကွင်းများ၌ စပါးထွက်နှုန်းပိုမိုထွက်ရှိကြောင်းကို စစ်တမ်းများအရ တွေ့ရှိရပါသည်။ ထို့အပြင် စပါးစိုက်ခင်းများအတွင်း ကျရောက်တတ်သည့် စပါးဖျက်ပိုးအမျိုးမျိုးနှင့် မလိုလားအပ်သော ခရု၊ ကဏန်း စသည်များ၏ ဥများ၊ သားလောင်းများနှင့် သက်ကြီးကောင်များကို ငါးများကစားသုံးပစ်၍ စပါးစိုက်ခင်းများအတွင်း ပိုးသတ်ဆေးသုံးစွဲမှုကို လျော့နည်းစေပါသည်။

ငါးထည့်သွင်းမွေးမြူမည့် လယ်ကွင်းများ၌ ရွေးချယ်စိုက်ပျိုးသည့် စပါးမျိုးများမှာ သက်ကြီး ဒေသစပါးမျိုးများနှင့် အထွက်ကောင်း သက်ကြီးမျိုးများဖြစ်ကြသည့် ငကွဲ၊ ပေါ်ဆန်းမွှေး၊ ကောက်ကြီး၊ မနောသုခ၊ ဆင်းသီဂီ၊ မှော်ဘီသစ်၊ ကျော်ဇေယျအစရှိသည့် စပါးမျိုးများဖြစ်ပါသည်။ သက်ကြီးဒေသစပါးမျိုးများသည် မူလကပင် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိပြီး ပိုးမွှားကျရောက်မှုနည်းပါးသည့်အတွက် ယင်းစပါးမျိုးများကို စပါးငါးလယ်ကွင်းများ၌ စိုက်ပျိုးရန် ရွေးချယ်ကြပါသည်။

ပိုးသတ်ဆေးကို မဖြစ်မနေသုံးစွဲရပါလျှင်လည်း ဓာတ်မြေဩဇာ အသုံးပြုသကဲ့သို့ လယ်ကွင်းအတွင်း ရေလျှော့၍ ငါးများကို ကန်သင်းပတ်မြောင်းနှင့် ငါးခိုကျင်းများအတွင်းနေစေပြီးမှ ပိုးသတ်ဆေးအသုံးပြုသင့်ပါသည်။ အခြားတစ်နည်းအနေဖြင့်လည်း စပါးခင်းကိုရေလျှော့၍ လယ်ကွင်းတစ်ခြမ်းစီ တစ်ရက်ခြားဆေးဖျန်းနိုင်ပါသည်။ ပိုးသတ်ဆေးများကို ရွေးချယ်အသုံးပြုရာ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အကြံပြုထားသည့် ဘေးထွက်ဆိုးကျိုးနည်းပါးသော တမာပိုးသတ်ဆေးမျိုးကိုသာ အသုံးပြုသင့်ပါသည်။

စပါးစိုက်ခင်းများအတွင်း ငါးတွဲဖက်ထည့်သွင်းမွေးမြူရာ၌ လယ်ကွင်းတည်ရှိရာဒေသ၏ ရေမြေသဘာဝ၊ ရာသီဥတု၊ ရေရရှိနိုင်မည့် အခြေအနေ၊ လယ်တစ်ဧကအတွင်း သတ်မှတ်ထားသည့် ကောက်ပင်မလျော့ပါးစေသည့် လယ်ကွင်းပြုပြင်မှုပုံစံ (ကန်သင်းပတ်မြောင်း၊ ငါးခိုကျင်းများ ပြုလုပ်ရာ၌ လယ်တစ်ဧက၏ ၃ ရာခိုင်နှုန်းသာ ထားရှိစေပါသည်။ ကန်သင်းပတ်မြောင်းကြောင့် လျော့ပါးသွားသော ဧကရှိသော်လည်း စပါးငါးလယ်ကွင်း၌ရရှိသော ဩဇာဓာတ်များကြောင့် မူလထွက်နှုန်း မထိခိုက်ဘဲ ထွက်နှုန်းပိုမိုကြောင်းကို စစ်တမ်းများအရ သိရှိရပါသည်။) များကို မိမိဉာဏ်ဖြင့် ချင့်ချိန်၍ နွေစပါး၊ မိုးစပါးစိုက်ပျိုးကြမည့် လယ်ကွင်းများ၌ ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၄င်းအပြင် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ အကူအညီများရယူကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပူးပေါင်း၍ စပါးစိုက်ခင်းနေရာ သတ်မှတ်ခြင်း၊ စိုက်ပျိုးရန် စပါးမျိုးများ ရွေးချယ်ခြင်း၊ ငါးခိုရန် ကန်သင်းပတ်မြောင်းများပုံဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စပါးစိုက်ခင်းများအတွင်း ငါးထည့်သွင်းမွေးမြူကြသည့် သမိုင်းကြောင်းကို လေ့လာရာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၇၀၀ ခန့်က တရုတ်ပြည်၌ အစပြုခဲ့ကြောင်း တွေ့ရှိရသည်။ ဆန်စပါးစားသုံးသော အာဆီယံအသိုက်အမြုံနိုင်ငံများ ဖြစ်ကြသည့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင် နိုင်ငံများ၌ စပါးစိုက်ခင်းများအတွင်း ငါးတွဲဖက်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဆောင်ရွက်နေကြခြင်းသည် -

- မြေကိုအစွမ်းကုန် အသုံးပြုခြင်း။
- ရေကိုအစွမ်းကုန် အသုံးပြုခြင်း။
- ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း။
- ထွက်နှုန်းနည်းသော်လည်း လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း။
- မိမိလယ်ကွင်းမှထွက်ရှိသည့် စပါးနှင့်ငါးမှာ မိသားတစ်စု စားသုံးရန်ဖူလုံခြင်း အစရှိသည့် အားသာချက်များကြောင့် အလေးပေးဆောင်ရွက်လာကြသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၌ စပါးစိုက်ခင်းများအတွင်း ငါးထည့်သွင်းမွေးမြူကြသည့် နည်းပညာကို လေ့လာသင်ယူရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၀ ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၀၂ ခုနှစ် စက်တင်ဘာလအတွင်း စေလွှတ်ခဲ့ပါသည်။ ယင်းပညာတော်သင်အဖွဲ့သည် စပါးစိုက်ခင်းများအတွင်း ငါးထည့်သွင်းမွေးမြူကြသည့် လုပ်ငန်းများထွန်းကားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ်တွင် နည်းပညာကို လေ့လာသင်ယူခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နှစ်ဖက်ပညာရှင်များနှင့်ပူးပေါင်းပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၄င်းနှစ်၌ မိုးစပါးစိုက်ဧက ၆၉၄၈ ဧကအတွင်း ငါးသားပေါက်ကောင်ရေ ၃၄ ဒသမ ၇ သိန်း အခမဲ့ထည့်သွင်းခဲ့သည်။

စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်သွင်းခြင်းကို ငါးလုပ်ငန်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၁-၂၀၁၂ မိုးစပါးစိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုရှိ စပါးခင်း ဧက ၁၄၃၅၀ အတွင်း ငါးသားပေါက်မျိုး ၇၁ ဒသမ ၇၅ သိန်းကို အခမဲ့မျိုးစိုက်ထည့်သွင်းသွားမည် ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စပါးစိုက်ခင်းများအတွင်း နှစ်စဉ်စိုက်ဧကများတိုးချဲ့၍ ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ တောင်သူ လယ်သမားတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်လာစေရေး၊ သဘာဝသယံဇာတများကို အပြည့်အဝအသုံးချလာစေရေး၊ ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးဟူသော ကောင်းမြတ်သည့် ရည်ရွယ်ချက်များကို ဦးတည်ထားရှိ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

စပါးစိုက်ခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းနည်းလမ်းသည် အစာပိုလူပိုမလိုဘဲ စရိတ်ကျဉ်းကျဉ်းဖြင့် ရိက္ခာစပါးနှင့်ဟင်းလျာ ငါးကိုပါ နှစ်သီးစား (Two Crops One Harvest) တစ်ပြိုင်နက်ရရှိစေသည့်အပြင် တစ်ပိုင်တစ်နိုင် ဟင်းစားမွေးမြူခြင်းမှသည် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ဝင်ငွေတိုးလုပ်ငန်းအဖြစ် မြှင့်တင်ပြောင်းလဲနိုင်သည့် ကျေးလက်ဒေသလူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြုနည်းလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်ရေး ဈေးများအတွင်း စစ်ဆေးဆောင်ရွက်

ဖားကန့်မြို့နယ် မြို့မဈေးကြီးအတွင်း သန့်ရှင်းရေး၊ အစားအသောက်များ ယင်မနားစေရန် ယင်လုံဆန်ခါဖြင့်ရောင်းချရေးကို ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့ပေါ် ကုန်စုံဆိုင်များနှင့် မြို့မဈေးရှိကုန်စုံဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချခြင်း ရှိ မရှိကို ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးသက်ဇော်ထွန်း(အခွန်)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



အုတ်တွင်းမြို့နယ် မြို့မဈေးအတွင်းနှင့် လမ်းဘေးဈေးဆိုင်များတွင် သက်တမ်းလွန်သည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို ဇွန် ၂၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းစစ်ဆေးစဉ်။ (၃၁၆)

ရွှေကျင်မြို့နယ် စည်ပင်သာယာဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော ငါးများရောင်းချခြင်း ရှိ မရှိကို ဇွန် ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်တိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော ငါးများရောင်းချမှု ရှိ မရှိကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာငွေထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့် ဈေးတာဝန်ခံ ဦးစိုးသိန်းတို့ ဇူလိုင် ၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျောင်းပြင်ပမူလတန်းပညာရေးပြခန်းအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး အသေးစားချေးငွေပေးအပ်ပွဲနှင့် ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဆပ်ကော်မတီ၏ အသေးစားချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထုတ်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးသာနှင့် တာဝန်ရှိသူတို့က ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ဖြူးမြို့နယ်တို့သို့ အသေးစားချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၁၄၀၀၀ ကို ထုတ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တိုင်းဒေသကြီး ပညာရေးမှူးဦးမျိုးဆွေတို့က ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်လှစ်သင်ကြားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အလှူငွေနှင့်ပစ္စည်းများကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးများထံ တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူးက အခြေစိုက်စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပမူလတန်းပညာရေးစွမ်းဆောင်ရည်အကောင်းဆုံးဆုများကိုလည်းကောင်း၊ တာဝန်ရှိသူများက ပဲခူးမြို့နယ်အတွင်းအကောင်းဆုံး အခြေစိုက်စခန်းဆုနှင့် ထူးချွန်သော ကျောင်းသားများအားဆုများကိုလည်းကောင်း ချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းပြင်ပမူလတန်းပညာရေးပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ **ပုထုဇဉ်ရဲ့ ငယ်နာမည်ဖျောက်ပါ ပဋိစ္စသမုပ္ပါဒ်** တရားတော်
(ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နှေးထွေးသောမေတ္တာ (အပိုင်း-၆၈)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၁၀)
၈း၅၀ တောင်စလင်တိုက်သစ် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း၏ ဒါနကုသိုလ်
၉း၀၅ အရည်အသွေးမြှင့်တင်ဈေးကွက်ဝင် ရော်ဘာစိုက်ပျိုးဝင်ငွေတိုး
၉း၂၀ ထူးခြားဆန်းပြားတဲ့ ကြပ်ကြာရ်ကုသ်ပွဲ
၉း၄၀ Praram 9 Hospital (အပိုင်း-၃)
၁၀း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
(ဘီးကုပ်လေးတွေ အလှဆင်မယ်)
၁၀း၂၅ The Champion of Dance
၁၁း၁၀ Celebrity Choice (မင်းသွေး)
၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ စားချင်စဖွယ် နည်းအသွယ်သွယ်
(ဆတ်သားခြောက် အုန်းနို့ဆမ်းနှင့် ငါးနှမ်းကပ်ကြော်)
၁၂း၃၀ IBTC မှ.... မေတ္တာဝေ
ပြည်သူတွေ ကျန်းမာစေ
၁း၀၀ **ပုထုဇဉ်ရဲ့ ငယ်နာမည်ဖျောက်ပါ ပဋိစ္စသမုပ္ပါဒ်** တရားတော်
(ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၅ FMF Selection
၂း၅၀ Steel King Co. သစ်ဖွင့်ပွဲ
အခမ်းအနား)
၃း၀၅ Activities in the City
(Myammar Noble College ဖွင့်ပွဲအခမ်းအနား)
၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နှေးထွေးသောမေတ္တာ (အပိုင်း-၆၈)
၄း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၁၀)
၅း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ
ဂျက်မ
၅း၂၅ အကြောတက်ရာဂါ
(ပါမောက္ခ ဒေါက်တာချစ်စိုး)
၅း၃၅ သီချင်းကောင်းကောင်း
သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk [ဦးစိုးညွန့်
(မြန်မာနိုင်ငံ ငှက်အသင်းဥက္ကဋ္ဌ၊ မျိုးမြတ်သူ)]
၆း၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
နှေးထွေးသောမေတ္တာ (အပိုင်း-၆၉)
၇း၃၀ ဗီဒီယိုပြခန်း
၈း၀၀ MRTV-4 သတင်း
၈း၃၀ **စကားနပန်း**
(အယူသီးတာကောင်းတယ်၊ အယူမသီးတာကောင်းတယ်)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၁၁)
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၀ အဆိပ်အတောက်ကင်းစင် မြန်ပြည် တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ... (အင်းလေး)
၁၁း၁၀ International Show Biz
၁၁း၂၅ စေတနာအမှန်ဖြင့်
၁၁း၄၀ ဈေးဝယ်လမ်းညွှန် (S Wellcom)
၁၂း၀၀ ကလေးများအတွက် ပါးစပ်ထဲက သွားကလေးများအကြောင်း
သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၂း၁၀ Box Office Movies (Avator)
၁၂း၃၀ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေး တစ်လုံး**
ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ
(ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂း၄၅ ဘဝများ (တင်မိုးလွင်)
၁း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်
(ဒီဇိုင်နာ သူရိန်မောင်မောင်)
၁း၃၅ ဆင်လိမ္မာတို့ နားခိုရာ မြိုင်ဟေဝန် ဆင်စခန်းမှာ
၂း၀၀ ဘယ်သူ့ကို အချစ်ဆုံးလဲ
၂း၁၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဧည့်ဝတီရဲ့ တေးနရီ
ရသစုံလီရခိုင်စာပီ
၄း၂၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
၄း၃၅ နည်းပညာအစွမ်းထက်
Solar Hut
၄း၄၅ သမိုင်းထဲကမင်းကွန်း
လင်းလွန်းသည့်သာသနာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖြတ်သန်းကြည့်ရှု

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ မုဒုံမြို့နယ် ကော့ပရံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတားသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကော့ပရံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတားဖွင့်

နေပြည်တော် ဇူလိုင် ၁၇

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်သည့် ကော့ပရံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတားဖွင့်ပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉ နာရီတွင် အဆိုပါတံတားသစ်၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကတုံးပေါ်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့က တံတားသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တံတားသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ တံတားမှာ အလျား ၁၁၄ ပေ၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ကွင်းရွာများမှ မုဒုံမြို့သို့ ပြည်သူများ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် အဓိကအချက်အချာကျသဖြင့် ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဖန်တီးဆောင်ရွက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် တံတားထိပ်နှစ်ဖက်ဘေး၌ ဥယျာဉ်ခြံ ဖန်တီးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ပရံစံပြကျေးရွာ တောင်သူ ဦးဖေသိန်း၏ စံပြစပါးခင်းအတွင်း ပုလဲခတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့နယ် ပတ္တမြားလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဇူလိုင် ၉ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၁၇

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အစည်းအဝေးတွင် စုပေါင်းလှူဒါန်းပွဲကျင်းပပြီး (၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်ကချီးမြှင့်သော ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရသူများအား ဆုချီးမြှင့်ခြင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးရသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် မြို့နယ်အသင်းသို့ အလှူငွေကျပ်တစ်သိန်းနှင့် အထက် လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းတို့ ပြုလုပ်မည်ဖြစ်ရာ သူရဦးအောင်ကြည် ဖုန်း-၆၁၀၅၅၄၊ ဦးအုန်းလွင် ဖုန်း-၅၄၁၈၁၈၊ ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ဦးလှဝင်း ဖုန်း-၀၉-၅၀၁၃၇၄၄၊ ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄နှင့် ဒေါ်မူမူလှ ဖုန်း-၅၇၃၇၇၈တို့ထံသို့ အချိန်မီဆက်သွယ်ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်တာဝါ တိုက် (၁) အခန်း (၀၄၁) နေ ဒေါ်ဟောင်၊ ဦးအောင်ချိန်၊ ဦးဗိုလ်ချိန် (မော်ကွန်းဝင်)တို့အား ရည်စူး၍ ဦးမြတ်ထွန်းနှင့် ဇနီး၊ သမီး ဒေါ်နှင်းမြတ်ထွေး၊ သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်) ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

အသေးစားငွေစုငွေချေးလုပ်ငန်း စာရင်းဇယားများ တိကျမှန်ကန်စွာပြုစု ဌာနနှင့်ဆက်သွယ်သူ ပြည်သူများကို စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကူညီ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ်နှင့် ဝန်းကျင်ဒေသများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းဇယားများကို တိကျမှန်ကန်စွာပြုစုပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တက်ရောက်အမှာစကားပြောကြားခဲ့သည်။ (ဝဲပုံ)

ဆွေးနွေးအကြံပြု

အစည်းအဝေးတွင် စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများက ကျောက်ပန်းတောင်းမြို့နယ် ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ ငွေစုငွေချေးအသင်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြု တင်ပြကြသည်။

တက်ရောက်

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး၌ကျင်းပသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက်ပြည့်မီစေရေး အလေးထား ကြိုးပမ်းကြရန်၊ ဌာနနှင့် ဆက်သွယ်သူပြည်သူများကို စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် စသည်ဖြင့်မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးညီအောင်ဆောင်ရွက် စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိရေး အလေးထား

ရန်ကုန် ဇူလိုင် ၁၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)၏ ကုန်ထုတ်လုပ်ငန်းများနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်၊ စက်ရုံ၏ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်အောင် အထူးအလေးထား ဆောင်ရွက်ရန်၊ ထို့အပြင် ယခုအချိန်သည် စိုက်ပျိုးရေးရာသီချိန်ဖြစ်သည့်အပြင် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားအောင် နိုင်ငံတော်ကဦးတည်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တောင်သူလယ်သမားများ အနေဖြင့် ဈေးနှုန်းသက်သာ အရည်အသွေးမြင့်မားသည့်ပြည်တွင်းထုတ် ယူရီးယားဓာတ်မြေသြဇာများကို တိုးမြှင့်သုံးစွဲခွင့် ရရှိအောင် ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးသွားရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ဓာတ်မြေသြဇာ ထုတ်ယူနေသည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ မေးမြန်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန် အခြေစိုက်စခန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံတကာရေနံကုမ္ပဏီများနှင့်ဆက်စပ်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးနေရသော ဌာနဖြစ်သည်နှင့်အညီ မိမိတို့က ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံခြားငွေ တိုးမြှင့်ရရှိနိုင်သော အခွင့်အလမ်းများ ရရှိနိုင်ပေရာ မိမိတို့၏လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်သွားရန် ဆွေးနွေးမှာကြားပြီး စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန် အခြေစိုက်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ယခုလာရောက်သည့် အဖွဲ့များအား ရောက်ရှိသည့်မြို့နယ်၊ နယ်မြေ အခြေအနေအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် သီးခြားစီ အကြံပြုပေးခြင်း၊ အရင်းအနှီး ငွေကြေးကူညီထောက်ပံ့ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအပေါ် ဖြည့်စွက်ဖြည့်ဆည်း၍ ပိုမိုခိုင်မာအောင် အစုအဖွဲ့များ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒေါက်တာစိန်လှဗိုလ်က စိုက်ပျိုးစရိတ်လျှော့ချပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မည့် နည်းပညာများ အသုံးပြုရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသူများ အပိုဝင်ငွေ ရရှိနိုင်စေရန် စိုက်ပျိုးရေးအပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုလည်း တွဲဖက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သစ်သီးဝလံ စိုက်ပျိုးသူများအနေဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း သီးနှံပေါ်ချိန်၌ ဈေးကွက်မရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်း စသည့် အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်စေရန် အစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးဧက ၄ ဒသမ ၅ သိန်းခန့်ရှိသည့်အနက် တစ်နိုင်တစ်ပိုင်အနေဖြင့် ငါးဧကမှ ၁၅ ဧကအထိ စိုက်ပျိုးလုပ်ကိုင်နေသူ ၆၃ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ ရှိသည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ စုစည်းပြီး အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက တွေ့ကြုံရမည့် အခက်အခဲနှင့် ကန့်သတ်ချက်များကို အောင်မြင်ကျော်လွှားနိုင်မည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၊ ရော်ဘာတစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့များနှင့် စပ်လျဉ်း၍ သမဝါယမကဏ္ဍမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးရာတွင် စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် Secondary Income ရရှိရန်အတွက် တစ်နိုင်တစ်ပိုင် ကြက်၊ ဘဲ၊ ဝက်၊ နို့စားနွား စသည်ဖြင့် မွေးမြူရန်လိုအပ်ကြောင်း၊ သို့မှသာ တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မအဆင့်သို့ရောက်လာပြီး တစ်အုပ်တစ်မအဆင့်မှ သမဝါယမလုပ်ငန်းများနှင့် ဆက်စပ်ကာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးအတွက် သမဝါယမနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်ကာ ပြည်တွင်းပြည်ပ ပို့ကုန်ဆောင်ရွက်နိုင်သည်အထိ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းက ကူညီပံ့ပိုးပေးနိုင်မည့် အစီအမံများဖြင့် အကောင်အထည်ဖော်မှုသည် လက်ရှိအခြေအနေထက် အကျိုးကျေးဇူးများ ပိုမိုရရှိလာနိုင်မည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သံဖြူဇရပ်မြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းသားလုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသော ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်နှင့် ရေလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် ယာယီပိတ်ထားမည့်လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်း သတ်မှတ်ကြေညာချက် ထပ်မံပြင်ဆင်ဖြည့်စွက်

နေပြည်တော် ဇူလိုင် ၁၇

(၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် ယာယီပိတ်ထားမည့် လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်း သတ်မှတ်ကြေညာချက်ကို ဇူလိုင် ၁၇ ရက်ထုတ် သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ဖြည့်စွက်ကြေညာ

အဆိုပါကြေညာချက်တွင် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော ပန်းခွေ၊ ပန်းခြင်း စသည့် လုံခြုံရေးကို ထိခိုက်စေမည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါကြောင်းဖြင့် သက်ဆိုင်ရာက ယနေ့ထပ်မံပြင်ဆင် ဖြည့်စွက်ကြေညာသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၈။ **နှစ်စဉ်နွဲပျော် ဝါဆိုခြင်းပွဲတော်**
- ၅း၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၉)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၅)

မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၇-၇-၂၀၁၁

ခန္တီး	၃ ဒသမ	၃၁ လက်မ
စစ်တွေ	၂ ဒသမ	၆၄ လက်မ
ကလေးဝ	၂ ဒသမ	၅၂ လက်မ
မင်းဘူး၊ ကျိုက်မရော	၂ ဒသမ	၅၂ လက်မ
ဇလွန်	၂ ဒသမ	၄၈ လက်မ
ဘားအံ	၂ ဒသမ	၁၃ လက်မ
သံတွဲ	၁ ဒသမ	၉၆ လက်မ
ကျောက်ထု	၁ ဒသမ	၈၄ လက်မ

စုပေါင်းဆောင်ရွက်

ဇွန် ၁၈ ရက်က လက်ပံတန်းမြို့ မြို့မရပ်ကွက်အတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် ရပ်ကွက်နေ ပြည်သူများ၊ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

(၂၆)ကြိမ်မြောက် ဆီးဂိမ်းအတွက် အောင်မြင်မှုရရန် ကြက်တောင်အားကစားမောင်မယ်များ လေ့ကျင့်နေ

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် ဇူလိုင် ၁၇

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန် မြန်မာအားကစားမောင်မယ်များ အကြိတ်အနယ် လေ့ကျင့်နေကြပြီဖြစ်သည်။ ပြင်းပြင်းထန်ထန် လေ့ကျင့်မှသာ စွမ်းရည်မြင့်တက်ပြီး အောင်မြင်မှုများ ရရှိမည်ဖြစ်ရာ အားကစားနည်းအလိုက် နေ့စဉ်နှင့်အမျှ လေ့ကျင့်နေကြခြင်းဖြစ်သည်။

ထိုသို့ လေ့ကျင့်နေမှုများအနက် ကြက်တောင် အားကစားမောင်မယ်များ လေ့ကျင့်နေကြသည့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၂)ရပ်ကွက်ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမသို့ စာရေးသူ ရောက်ရှိခဲ့သည်။ ကျယ်ဝန်းသော အားကစားခန်းမအတွင်း ကြက်တောင်ရိုက် လေ့ကျင့်နေကြသည့် အားကစားမောင်မယ်များကို တွေ့ရသည်။ **(အောက်ဝဲပုံ)**

ရှင်းပြ

"ဒီအားကစားသမားတွေကို ဇူလိုင် ၇ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်နေတာပါ။ စုစုပေါင်း အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို ရွေးချယ်လေ့ကျင့်ပေးနေပါတယ်။ ဒီအားကစားသမားတွေက မြန်မာ့လက်ရွေးစင်၊ လူငယ်လက်ရွေးစင်နဲ့ ကလပ်အသင်း လက်ရွေးစင်တွေထဲက စိစစ်ရွေးချယ်ထားတာပါ။ လာမယ့် စက်တင်ဘာလမှာကျင်းပမယ့် ကလပ်အသင်းပြိုင်ပွဲမှာလည်း စွမ်းရည်ထက်မြက်သူတွေကို ဖြည့်စွက်ရွေးချယ်ပြီး အပြီးသတ် လူရွေးချယ်မှုပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ကြက်တောင်နည်းပြချုပ် ဦးရော်ဘင်တင်က ရှင်းပြသည်။

လောလောဆယ်တွင် အပတ်စဉ် တနင်္ဂနွေနေ့မှလွဲပြီး နံနက် ၇ နာရီမှ ၉ နာရီ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီ တစ်ကြိမ် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ လေ့ကျင့်ရာတွင် ကြံ့ခိုင်မှု၊ နည်းစနစ်၊ နည်းဗျူဟာများကို နည်းပြလေးဦးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်

မြန်မာကြက်တောင် အားကစားမောင်မယ်များသည် (၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် ကျားတစ်ဦးချင်းပြိုင်ပွဲ၊ မတစ်ဦးချင်းပြိုင်ပွဲ၊ ကျားနှစ်ဦးတွဲပြိုင်ပွဲ၊ မနှစ်ဦးတွဲပြိုင်ပွဲ၊ ကျားမနှစ်ဦးတွဲပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာကြက်တောင် အားကစားမောင်မယ်များအနေဖြင့် (၂၆)ကြိမ်မြောက်ဆီးဂိမ်းတွင် အဓိကပြိုင်ဘက်များမှာ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းတို့ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံကရာတေးဒိုလက်ရွေးစင်အသင်း ပြိုင်ပွဲဝင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Quanzhou ပြည်နယ် Fujian မြို့၌ ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှအကြီးတန်းကရာတေးဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ကရာတေးဒိုအဖွဲ့ **(ယာပုံ)**သည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာကရာတေးဒိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူအဖြစ် ဦးထိန်ဝင်းမြင့်၊ ဒိုင်လူကြီးစာမေးပွဲဖြေဆိုရန် ဒိုင်ငါးဦးနှင့် အမျိုးသားအားကစားသမားလေးဦး စုစုပေါင်း အဖွဲ့ဝင် ၁၀ဦး လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Denk Pharma Cup
သက်တန်းအလိုက် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co.,Ltd. တို့ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် Denk Pharma Cup သက်တန်းအလိုက်ရေကူးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၈ နှစ်အောက်၊ ၁၀ နှစ်အောက်၊ ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်နှင့် ၁၇ နှစ်အောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အမှုဆောင် ဦးတောက်ထွန်း၊ T.T.O Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦး၊ ဒါရိုက်တာများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းကြိုင်က အသက် ၈ နှစ်အောက်ပြိုင်ပွဲ၌ အကောင်းဆုံးဆုရ အမျိုးသား စွမ်းထက်မင်းသိန်း (Hard body)၊ အမျိုးသမီး နန်းဟန်နီဦး(Hard body) တို့ကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက အသက် ၁၀ နှစ်အောက်၌ အကောင်းဆုံးဆုရ အမျိုးသား ငြိမ်းခန့်စိုး (Hard body)၊ အမျိုးသမီး ဆုမိုးသိမ့်စံ (Hard body)၊ ပဉ္စမဆုရ ကုက္ကိုင်းအသင်းအား ဆုကြေးငွေကျပ် ငါးသောင်းနှင့် စတုတ္ထဆုရ အား/ကာသိပ္ပံ (က) အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူး ဦးကျော်ဦးက အသက် ၁၂နှစ်အောက်၌ အကောင်းဆုံးဆုရ အမျိုးသား အံ့ခေါင်ထွဋ် (United-က)၊ အမျိုးသမီး အင်ကြင်းကေခိုင် (Hard body)၊ တတိယဆုရ ရန်ကုန်(က) အသင်းအား ဆုကြေးငွေကျပ် နှစ်သိန်း၊ ဒုတိယဆုရ United (က) အသင်းအား ဆုကြေး ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က အသက် (၁၄)နှစ်အောက်၌ အကောင်းဆုံးဆုရအမျိုးသား သုမြတ်ဟိန်း (Hard body)၊ အမျိုးသမီး နန်းခမ်းမြတ်ခြူး (Hard body)၊ ပထမဆုရ Hard body အသင်းအား ဆုကြေးငွေကျပ် လေးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးသိန်းအောင်က အသက် ၁၇နှစ်အောက်၌ အကောင်းဆုံးဆုရ အမျိုးသားမင်းသုခ (United)၊ အမျိုးသမီး ထက်ယမုံအောင် (United) နှင့် ပထမဆုရ Hard body အသင်းအား ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆုဖလား ချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးသိန်းအောင် ပထမဆုရ Hard body အသင်းအား ဆုဖလားချီးမြှင့်စဉ်။

ပံ့ပိုးကူညီ

ယခုပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၆၉ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ယမန်နှစ်များထက် ပြိုင်ပွဲဝင်ဦးရေ ပိုမိုများပြားလာခဲ့သည်။ ယခုကဲ့သို့ သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် လူငယ်ရေကူးအားကစားသမားများ ထွက်ပေါ်လာပြီး မြန်မာ့ရေကူး တိုးတက်အောင်မြင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် T.T.O Trading Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦးက ပံ့ပိုးကူညီကြောင်း သိရသည်။

(အား/ကာ)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ညောင်တုန်းမြို့နယ် ညောင်တုန်း-ဝဲဒေါင့်ကျေးလက်လမ်းပေါ်ရှိ ရွှေကူတံတား ဆောက်လုပ်နေမှုကို ဇွန် ၁ ရက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွှန့်ဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇော်လွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်နေမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဇူလိုင် ၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့ မြို့မဈေးအတွင်း ရောင်းချသည့်ကုန်ပစ္စည်းများ အလေးချိန်ခွင် မှန်ကန်စွာရောင်းချရေးအတွက် ဇူလိုင် ၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် မြို့နယ်စည်ပင်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် မြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်နေမှုကို ဇွန် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

မိုးညှင်းမြို့နယ် ဦးအောင်ဇေယျလမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးအေးနိုင် ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးအင်ခွန်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

18-7 (10).pmd 1 7/18/2011, 4:40 AM

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပခုက္ကူ၌ ဆောင်ရွက်

ပခုက္ကူ ဇူလိုင် ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပခုက္ကူမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားခလက်ခံသည့်နေရာတွင် ဇွန် ၁၆ ရက် နံနက်က လျှပ်စစ်ဓာတ်အားသုံးစွဲသည့်ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပေးလက်ကမ်းစာစောင်များကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်ဝင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာမင်းနှင့် ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးကြသည်။ **(အပေါ်ပုံ)**

တပ်ဆင်ဆောင်ရွက်

အလားတူ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် Earth ring & Earth bar များကို မြို့ပေါ်ဓာတ်အားလိုင်းများတွင် တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၀၂)**

ငါးသယံဇာတထိန်းသိမ်းရေး မနဖြူး၌ဟောပြော

မနဖြူ ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနဖြူမြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ဦးဆောင်၍ ငါးသယံဇာတထိန်းသိမ်းရေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ပြင်ကသာကျေးရွာ အထက (ခွဲ) ကျောင်းတွင် ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်တွင် ပါရှိသော ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှု မပြုရေး၊ မေလနှောင်းပိုင်း၊ ဇွန်၊ ဇူလိုင်လများတွင် ငါးရစ်တက်ချိန် ငါးမဖမ်းဆီးရေး၊ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းများ၏ အကျိုးရှိပုံ ပန်းချီ၊ ကာတွန်း၊ ရုပ်ပုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြင်ကသာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီ **(အောက်ပုံ)**ထံ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

စုပေါင်းစိုက်ထူ

ဆက်လက်၍ မနဖြူ-ကျုံပျော်ကားလမ်းဘေးတွင် "ငါးသယံဇာတထိန်းသိမ်းဖို့ တားမြစ်ငါးဖမ်းနည်းများရှောင်ကြစို့" အသိပညာပေး မြေစိုက်ပိုစတာကို မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များ၊အင်းသားကြီးများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တောင်တွင်းကြီး၌ ကျင်းပ

တောင်တွင်းကြီး ဇူလိုင် ၁၇

တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ဥက္ကလာပ-ပျားစီပင် ကျေးရွာချင်းဆက်လမ်းဘေးဝဲယာ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးသိန်းထွန်းတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟက်ရော်အုပ်စု၊ ဝါးခြံကာအုပ်စုများမှ ကျေးလက်ပြည်သူများအား ပျိုးပင်များပေးအပ်ကြပြီးနောက် ယူကလစ်ပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

၂၀၁၁ ခုနှစ် မိုးရာသီတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ကျွန်းနှင့် ယူကလစ်ပင်အပါအဝင် စိုက်ပျိုးရန်လျာထားပင် ၃၃၀၀၀၀ တွင် ၁၅၀၀၀၀ စိုက်ပျိုးခဲ့ပြီး မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လျာထားပင် ၅၄၁၁၀ ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ **(၁၁၇)**



တာမွေမြို့နယ် အထက (၄) မြတ်သဇင်ခန်းမ၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ အလှူရှင် ဒေါ်သိန်းသိန်းငွေ (မဟာမြိုင်စိုက်ပျိုးရေး) အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ဂုဏ်ပြုလွှာပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကျေးလက်ရေပေးရေး ကော့ကရိတ်၌ ဆောင်ရွက်

ကော့ကရိတ် ဇူလိုင် ၁၇

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ခုနှစ် ပထမသုံးလပတ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ကျေးရွာ ၁၅ ရွာတွင် တုံကင် တွင်း ၁၅ တွင်း တူးဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါ တုံကင်တွင်း ၁၅ တွင်း ပြီးစီးမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်က ပြန်လည်ရှင်းလင်း တင်ပြခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အောင်ဆန်းလမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရပန်းအလှပင်များစိုက်ပျိုးနေမှုကို ဇူလိုင် ၄ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၇

စာကြည့်တိုက်သင်တန်းသူများ တပ်ကုန်း၌လေ့လာ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက် ပညာသင်တန်း (၁/၂၀၁၁)မှ သင်တန်းသူများသည် ဇူလိုင် ၁၂ ရက်က နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်သို့ သွားရောက်လေ့လာကြရာ ရှောက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုးနှင့် မျိုးဆက်သစ်စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသူများက ငွေကျပ် ၂၀၅၂၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၄၁၇)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ မော်လိုက်၌ကျင်းပ

မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာတွင် ကျင်းပရာ လောင်းကောင်း၊ ညောင်ဝန်းနှင့် ညောင်သပြေကျေးရွာမှ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းကျော်နှင့် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပညာဗိမာန်စာကြည့်တိုက် ယင်းမာပင်မြို့နယ်၌ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် နဘူးတောကျေးရွာ ပညာဗိမာန်စာကြည့်တိုက် ဖွင့်ပွဲကို အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နဘူးတော၊ စုန်ချောင်း၊ ကျောက်မှော်၊ ဘန့်ဘွေး၊ ရွှေစု၊ ကွေ့ချောင်းကျေးရွာများမှ ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စိုစိုးဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး ကျေးရွာဘုန်းကြီးကျောင်းမွေ့ရုံ၌ အလှူရှင်များက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ရွှေဘုံရတနာမင်္ဂလာနန်းတော်ရှိ ဆွေးမြေ့သစ်သားကြမ်းခင်းအချို့နှင့် သစ်သားတံခါးအချို့ပြင်ဆင်မွမ်းမံခြင်း
(ခ) မန္တလေးရွှေနန်းတော်ကျောင်းလုံခြုံရေးအတွက် ခြံစည်းရိုးတပ်ဆင်မွမ်းမံခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၇-၂၀၁၁ ရက်မှ ၂၆-၇-၂၀၁၁ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၇-၂၀၁၁ရက် မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော် ရုံးအမှတ်(၃၅)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၂၉

သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ မေခလမ်းသွယ်(၁)လမ်း၊ မေခအိမ်ရာ၊ အမှတ် T-7 ဟု ခေါ်တွင်သော (၂၉ဒသမ၅'×၅၀')ပေရှိမြေနှင့် မြေပေါ်ရှိ ၂ထပ် RC အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်ဒေါ်မြင့်ဆွေ ၁၂/တမန(နိုင်) ၀၀၄၆၁၆ ၏ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်စန်းယုကြည် (ခ) ဒေါ်စိမ်းမို့မို့ ၁၂/တမန(နိုင်) ၀၀၄၆၁၅၊ ဒေါ်ဥမ္မာကြည် ၁၂/တမန(နိုင်) ၀၀၄၆၁၄၊ ဦးအောင်မျိုးမြတ် ၁၂/တမန(နိုင်) ၀၀၄၆၁၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ ကျော်လွန်ပါက အရောင်းအဝယ်ကို ဝယ်ယူသူအမည်ပေါက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော်-(အထက်တန်းရှေ့နေ)
(စဉ်-၅၈၇၈/၈၂)
B.Sc, H.G.P, D.B.L, D.I.L, D.M.L
D.L- IP.Wipo in Geneva
၀၉-၅၁၅၆၆၈၃

တိုက်-၆/၁/၃၊ ဆရာများရိပ်သာ
လှိုင်တက္ကသိုလ်နယ်မြေ
လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် ခ/၆၉၊ မြေကွက်အမှတ် ၃(ဈေးရပ်)၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ နှစ်၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (ဈမ-၄၉၃)၊၃လမ်း၊ ဈေးမြောက်ရပ်ကွက်၊ ကညွတ်ကွင်းကျေးရွာအုပ်စု၊ ဖြူးမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးလှအုန်း ၇/ဖမန(နိုင်)၀၃၈၅၈၀၊ ဒေါ်မကြီး ၇/ဖမန(နိုင်)၀၆၅၀၆၆၊ ဒေါ်ညွန့်ရှင် (PYU-၀၈၁၈၁၂)၊ ဒေါ်မြငွေ ၇/ဖမန(နိုင်)၀၃၈၄၂၂၊ ဦးခင်အောင် ၇/သနပ(နိုင်) ၀၇၅၆၅၄ တို့က ရောင်းချခွဲဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများက ရောင်းချခွဲဝေရယူတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်အောင် ၇/သနပ(နိုင်)၀၇၅၆၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၇၃)
အမှတ်၅၅၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဦးမောင်မောင်လွင်-ဒေါ်သန်းသန်းဝင်းတို့၏သား မောင်ခိုင်စိုးလွင် ၅/မရန(နိုင်) ၂၀၈၆၄၇သည် ၁၂-၁-၂၀၁၁ရက်တွင် မိဘပိုင်ရွှေငွေပစ္စည်းများကို ယူဆောင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။

မောင်ခိုင်စိုးလွင်နှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးမောင်မောင်လွင်-ဒေါ်သန်းသန်းဝင်း
တိုက်(ဘီ)၊ အခန်း(၃၀၈)၊ ပါရမီကွန်ဒို၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သပိတ်ကျင်းမြို့၊ ကဘဲရပ်ကွက်နေ ဦးလှဆွေ-ဒေါ်တင်ရတနာဝင်းတို့၏သမီး မဝင်းနီလာဆွေ ၉/သပက(နိုင်) ၀၄၈၃၃၂ သည် မိဘများပြောဆိုဆုံးမမှုကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ မိမိဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၄င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးလှဆွေ ၉/သပက(နိုင်) ၀၀၆၇၂၂
ဒေါ်တင်ရတနာဝင်း ၉/သပက(နိုင်) ၀၀၆၇၁၅

ဆုံဆည်း ဂေါက်ရိုက်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲ ကျင်းပရေးကော်မတီကကြီးမှူး၍ သတ္တမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံဆည်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် သန်လျင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်းနှင့်ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများ အနေဖြင့် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီခွဲ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပြီး ပြိုင်ပွဲအား Main Sponsor အဖြစ် Kyaw Tha Construction မှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲ၌ အမှတ်တရ လက်ဆောင်များပေးလိုသော ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအသင်းအဖွဲ့များ အနေဖြင့် ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးအောင်ဝင်း ဖုန်း-၀၁-၂၁၂၅၀၁၊ ၀၁-၂၂၆၈၁၇၊ ဦးစိုးလွင် (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃၊ Ext: ၂၁၁ နှင့် ဦးခင်အေး (A.G.T.I ကျောင်းသားဟောင်းများ အဖွဲ့) ဖုန်း- ၀၁-၅၁၉၆၈၃ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



အဆိုတော် မင်နီလ်လိုနှင့် သရုပ်ဆောင် နစ်လာချေတို့ လက်ထပ်ပြီ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၇

အမျိုးသား အဆိုတော် ဗာနက်ဆာမင်နီလ်လို (Vanessa Minnillo)နှင့် သရုပ်ဆောင်မင်းသမီးနစ်လာချေ (Nick Lachey) တို့သည် ငါးနှစ်ကျော်ကြာတွဲခဲ့ကြပြီးနောက် ဇူလိုင် ၁၅ ရက်က လက်ထပ်လိုက်ကြပြီဖြစ်ကြောင်း ပီးပဲလ်မဂ္ဂဇင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အသက် ၃၇ နှစ်အရွယ်ရှိ အဆိုတော် မင်နီလ်လိုနှင့် အသက် ၃၀ အရွယ်ရှိ သရုပ်ဆောင်နစ်လာချေတို့သည် ပြီးခဲ့သည့် နိုဝင်ဘာက စေ့စပ်ခဲ့ကြသည်။ သို့သော် သရုပ်ဆောင်နစ်လာချေသည် ယခင်က ဂျက်စီကာဆင်ဆွန်နှင့် အိမ်ထောင်ကျခဲ့ဖူးသည်။ **(အင်တာနက်)**

☞ မြင့်မောင်စိုး ——— ရေးသားသည် ☜

အဆိုတော်လေဒီဂါဂါထက် ရီဟာန်နားကို ပိုပြီးလူကြိုက်များလာ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၇

အဆိုတော် လေဒီဂါဂါထက် အဆိုတော်ရီဟာန်နား**(အောက်ပုံ)**ကို ပိုပြီးလူကြိုက်များလာကြောင်း ဖေ့စ်ဘုတ်(Facebook) အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း ၄င်းတို့ကိုအားပေးကြသော ပရိသတ်များထံသို့ Facebook ဝက်ဘ်ဆိုက်က စစ်တမ်းကောက်ယူခဲ့ရာတွင် အဆိုတော်ရီဟာန်နားကို ပိုပြီးကြိုက်ကြကြောင်း ၄င်းစစ်တမ်း၌ ဖော်ပြသည်။

ကျော်ကြားမှုအရှိဆုံး

အဆိုပါအင်တာနက်စာမျက်နှာတွင် အဆိုတော်ရီဟာန်နားကို ကြိုက်နှစ်သက်သူ ၄၀၆၂၂၁၃၃ ဦးရှိပြီး လေဒီဂါဂါအား ကြိုက်နှစ်သက်သူ ၄၀၅၈၀၁၀၂ ဦးရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် အဆိုတော် ရီဟာန်နားသည် Facebook စာမျက်နှာအရ ကမ္ဘာ့လူကြိုက်အများဆုံး၊ ကျော်ကြားမှုအရှိဆုံး အဆိုတော်ဖြစ်လာသည်။

သို့ရာတွင် အဆိုတော် ရီဟာန်နားသည် တွစ်တာ (Twitter)နှင့်ယူကျု (You Tube) အင်တာနက်စာမျက်နှာများတွင် တတိယ လူကြိုက်အများဆုံးအဆိုတော်ဟု ဆိုသည်။ ယင်းစာမျက်နှာများတွင် နံပါတ်တစ် လူကြိုက်အများဆုံး အဆိုတော်မှာ ကနေဒါအဆိုတော် ဂျပ်စတင်းဘိုင်ဘာ (Justin Bieber) ဖြစ်ပြီး လေဒီဂါဂါက ဒုတိယနေရာတွင်ရှိသည်။ **(အင်တာနက်)**

ကျေးလက်သီချင်းများဖြင့်အောင်မြင်ခဲ့သည့် အဆိုတော် ဂျီဝဲလ်၏ ဘဝသစ်

နယူးယောက် ဇူလိုင် ၁၇

ကမ္ဘာကျော်အဆိုတော် ဂျီဝဲလ် (Jewel) သည် ယောကျ်ားလေးတစ်ဦး မွေးဖွားခဲ့ခြင်းဖြင့် ၄င်း၏ ဘဝသစ်ကို စတင်ခဲ့ကြောင်း ပီးပဲလ်မဂ္ဂဇင်းတွင် ဇူလိုင် ၁၆ ရက်က သတင်း၌ ဖော်ပြသည်။

အသက်၃၇နှစ်အရွယ်ရှိ အဆိုတော် ဂျီဝဲလ်သည် ဂရမ်မီဆုရ အဆိုတော်တစ်ဦး ဖြစ်သည်။ သူမသည် ကြေးစားမြင်းစီးချန်ပီယံတိုင်မာရေး (Ty Murray) နှင့် လက်ထပ်ခဲ့ပြီးနောက် တက္ကဆက်ပြည်နယ်၌ ၄င်းတို့၏ သားယောကျ်ားလေးအား လွန်ခဲ့သည့် သီတင်းပတ်က မွေးဖွားခြင်းဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းတွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)**

အမည်ပေး

မိမိနှင့်တိုင်တို့သည် သားယောကျ်ားလေးတစ်ဦးကို လူ့လောကထဲသို့ ရောက်အောင် ပို့ပေးလိုက်ပြီဖြစ်ကြောင်း၊ ၄င်းအတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိကြောင်း၊ သူ့ကို ကာဆေးတောင်းမာရေးဟု အမည်ပေးထားကြောင်း အဆိုတော်ဂျီဝဲလ်က ပြောကြားသည်။

စံချိန်တင်

သူမသည် ၁၉၉၀ ပြည့်လွန်နှစ်များက You Were Meant For Me သီချင်းနှင့် Who Will Save Your Soul သီချင်းများဖြင့် အလွန်အောင်မြင်ကျော်ကြားခဲ့သူဖြစ်သည်။ ထို့အပြင် ၂၀၀၈ခုနှစ်တွင်လည်း သူမသီဆိုခဲ့သည့် Perfectly Clear ကျေးလက်တေးအယ်လ်ဘမ်မှာ လူကြိုက်များခဲ့သဖြင့် စံချိန်တင်ရောင်းချခဲ့ရသည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အာကာသသိပ္ပံ

အနာဂတ်တွင် လူသားများ သွားရောက်လေ့လာမည့် ဗီစတာဂြိုဟ်ကို နာဆာအာကာသယာဉ်ဝင်ရောက်

ကောင်းမြတ်သူ – စုစည်းသည်

နာဆာ ဇူလိုင် ၁၇

နာဆာမှ လွှတ်တင်ထားသည့် ဒေါင်း (Down) အမည်ရှိစက်ရုပ်အာကာသယာဉ်သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ဗီစတာ (Vesta) အမည်ရှိ ဂြိုဟ်သိမ်တစ်ခု၏ ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်သွားပြီဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာသည်။ ***(အောက်ပုံ)***

ကီလိုမီတာ ၅၃၀ အချင်းဝက်ရှိ အဆိုပါ ဂြိုဟ်သိမ်ကို လှည့်ပတ်ကာ လေ့လာနေပြီဖြစ်ကြောင်း၊ တနင်္ဂနွေနေ့ စောစောပိုင်းက ၎င်းအာကာသယာဉ်မှ သတင်းအချက်အလက်များ ပေးပို့ခဲ့ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

အဆိုပါ စက်ရုပ်အာကာသယာဉ်သည် ဗီစတာဂြိုဟ်သို့ ရောက်အောင် လေးနှစ်ကြာသွားခဲ့ရပြီး ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ၎င်းဂြိုဟ်၏ ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ❖



သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးခြံ၌ သစ်သီးဝလံဥယျာဉ်ခြံစိုက်ပျိုးသူများ၊ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းဝင်လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဈေးကွက်ရရှိရေး သမဝါယမနည်းလမ်းဖြင့် ပေါင်းစပ်ဆောင်ရွက် ပြည်ပတင်ပို့နိုင်သည်အထိ အစီအမံများဖြင့် အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၇

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် အဇင်းကျေးရွာရှိ ဦးတင်အေး၏ ကျွဲကောဥယျာဉ်ခြံနှင့် ဒေါ်ဝင်းဝင်းကြည်၏ ကျွဲကောဥယျာဉ်ခြံများ၌ လိုက်လံကြည့်ရှုခဲ့ပြီး မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးခြံ၌ သစ်သီးဝလံဥယျာဉ်ခြံစိုက်ပျိုးသူများ၊ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းဝင်လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံ၍ သစ်သီးဝလံဥယျာဉ်ခြံ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမျိုးညွန့်က ပြည်နယ်အတွင်း လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ၊ သားငါးမွေးမြူထုတ်လုပ်မှုနှင့် ကျေးလက်နှင့် မြို့ပေါ်ရှိ လက်လုပ်လက်စားပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ မပူမပင်၊ မတောင့်မတ၊ မကြောင့်မကြ နေထိုင်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ■